လျှို့ဝှက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

စာအမှတ်၊

ရက် စွဲ၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်

အကြောင်းအရာ။ **အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) ၏ အစည်းအဝေးမှတ်တမ်း ပေးပို့ခြင်း**

၁။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂)ကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ဦးဆောင်၍ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ဗဟိုအဖွဲ့ အဖွဲ့ဝင်များဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ အရိန္ဒမာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

၂။ အထက်ဖော်ပြပါအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၂)တွင် ဆွေးနွေးချက်များမှ အကောင်အထည်ဖော်ဆောင်ရွက်ရန် ညွှန်ကြားခဲ့သည့် အချက်များအား သိရှိနိုင်ပါရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါရန် အစည်းအဝေးမှတ်တမ်းနှင့်အတူ ပူးတွဲပေးပို့ပါသည်။

**ပူးတွဲပါ။** အစည်းအဝေးမှတ်တမ်း (၁) စုံ

ဥက္ကဋ္ဌ ( ကိုယ်စား )

ရဲမှူးချုပ် အောင်ငွေးမြင့်၊ တွဲဖက်အတွင်းရေးမှူး

**ဖြန့်ဝေခြင်း**

အစည်းအဝေးတက်ရောက်သူများအားလုံး

**မိတ္တူကို**

ပြည်ထောင်စုဝန်ကြီးရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန
ရဲချုပ်ရုံး
ဒုတိယရဲချုပ်(၁)ရုံး
ဒုတိယရဲချုပ်(၂)ရုံး
မျှော/ လက်ခံ

လျှို့ဝှက်

## အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၂၂) အစည်းအဝေးမှတ်တမ်း

### နိဒါန်း

၁။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၂၂)ကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့၊ ၁၃၀၀ နာရီမှ ၂၀၁၅ နာရီအထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် (ရုံးအမှတ်-၈)၊ အရိန္ဒမာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်ဦးစီး ကျင်းပပြုလုပ်ခဲ့ပြီး ဗဟိုအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်များမှ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများက Online မှ တက်ရောက်ခဲ့ကြပါသည်။

### အစည်းအဝေးတက်ရောက်သူများ

၂။ အစည်းအဝေးတက်ရောက်သည့် အမည်စာရင်းအား **နောက်ဆက်တွဲ**ဖြင့် ဖော်ပြအပ်ပါသည်။

### ရည်ရွယ်ချက်

၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် လုပ်ငန်းအဖွဲ့ဝင်များက ၂၀၂၂ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့မှုများအား ရှင်းလင်းဆွေးနွေးရန်၊ ၂၀၂၃ ခုနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများအား တင်ပြဆွေးနွေးရန်၊ လုပ်ငန်းကော်မတီများနှင့် လုပ်ငန်းအဖွဲ့များ ပြင်ဆင်ဖွဲ့စည်းမှုများကို ဆွေးနွေးတင်ပြနိုင်ရန်။

### ဗဟိုအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခြင်း

၄။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ကို ၂၀၁၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ၂၀၂၂ ခုနှစ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကြေညာချက်အမှတ် (၈၃/၂၀၂၂) ဖြင့် ထပ်မံပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ဗဟိုအဖွဲ့အောက်တွင် ဥပဒေပုဒ်မ ၆ ပြဋ္ဌာန်းချက်နှင့်အညီ လုပ်ငန်းကော်မတီ ၃ ရပ်နှင့် လုပ်ငန်းအဖွဲ့ ၆ ဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ အစည်းအဝေးကျင်းပရသည့် အဓိက ရည်ရွယ်ချက်မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှုယန္တရား ပိုမိုအားကောင်းလာစေရေးနှင့် လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက်ဖြစ်ပါကြောင်း၊

၅။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အနေဖြင့် ဥပဒေနှင့်အညီ ထုတ်ပြန်ထားသည့် အကြမ်းဖက်အုပ်စု ၃ ခု ရှိခဲ့ပါကြောင်း၊ ပထမ Arakan Rohingya Salvation Army – ARSA ကို

၂၅-၈-၂၀၁၇ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ လက်ရှိမှာ ARSA အကြမ်းဖက်အုပ်စုနှင့် အကြမ်းဖက်ခေါင်းဆောင် Atta Ullah အပါအဝင် ခေါင်းဆောင်ပိုင်းများကို မြန်မာနိုင်ငံ၏ ပြည်တွင်းဥပဒေနှင့်အညီ လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပါကြောင်း၊ နိုင်ငံတကာပြဋ္ဌာန်းချက်နှင့်အညီ UNCTED နှင့် INTERPOL ၊ ASEANAPOL ၊ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီနှင့် သံရုံးသံတမန်အဖွဲ့အစည်းများသို့ သတင်းဖလှယ်လျက်ရှိပါကြောင်း၊ ၂၀၂၂ ခုနှစ်အတွင်း ARSA အကြမ်းဖက်အုပ်စုသည် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် ခိုအောင်းလှုပ်ရှားနေပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လုံခြုံရေးအဖွဲ့များနှင့် တွေ့ဆုံပစ်ခတ်မှု ၄ ကြိမ်သာရှိခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်နှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ရာ ၎င်းတို့ ခိုအောင်းသည့် ဒုက္ခသည်စခန်းနေရာကို ဘင်္ဂလားဒေ့ရှ် အထူးတပ်ဖွဲ့များက ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလဆန်းမှာ ဝင်ရောက်ရှင်းလင်းခဲ့ရာ ARSA အကြမ်းဖက်အုပ်စု ဒုတိယခေါင်းဆောင်နှင့် အကြမ်းဖက်သမား ၂ ဦး သေဆုံးခဲ့ပါကြောင်း၊ အကြမ်းဖက်ခေါင်းဆောင် Atta Ullah နှင့်အဖွဲ့ဝင် ၆၀ ဦးခန့်ကိုလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဥပဒေအရ တရားစွဲတင်ထားကြောင်း သတင်းဖလှယ်မှုများရရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ARSA အကြမ်းဖက်အုပ်စုကို နိုင်ငံတကာအကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ပေးနိုင်ရေး UNSCR 2368 Sanction List တွင် ထည့်သွင်းပေးနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ARSA အကြမ်းဖက်အုပ်စု တားဆီးနှိမ်နင်းရေးကို ၂၀၂၂ ခုနှစ်အတွင်းမှာ ထိရောက်အောင် ဆောင်ရွက်နိုင်ခဲ့သည်ဟု ပြောကြားလိုပါကြောင်း၊

၆။ ဒုတိယအနေဖြင့် ULA/AA ကို ၂၃-၃-၂၀၂၀ ရက်နေ့တွင် အကြမ်းဖက်အုပ်စုအဖြစ် ဥပဒေနှင့်အညီ ထုတ်ပြန်ကြေညာခဲ့ပြီး လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပါကြောင်း၊ ယခုအခါ ULA/AA အဖွဲ့အနေဖြင့် အကြမ်းဖက်အုပ်စုဟု ထုတ်ပြန်ထားခြင်းမှ ပယ်ဖျက်ပေးပါရန် တောင်းဆိုခဲ့မှုကြောင့် နိုင်ငံတော်က ပြန်လည်စဉ်းစားသုံးသပ်ပေးခဲ့ပါကြောင်း၊ ULA/ AA သည် မြန်မာတိုင်းရင်းသားမျိုးနွယ်စုများဖြစ်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များမပြုလုပ်တော့ဘဲ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်မည်ဟု ကတိပြုလာခြင်းတို့ကြောင့် ၁၁-၃-၂၀၂၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာထုတ်ပြန်၍ အကြမ်းဖက်အုပ်စုအဖြစ်မှ ပြန်လည်ရုပ်သိမ်းပေးခဲ့ပါကြောင်း၊

၇။ တတိယအနေဖြင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၊ ယင်းမှ ဖွဲ့စည်းထားသည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ယင်းမှ ဖွဲ့စည်းထားသည့် ပြည်သူ့ကာကွယ်ရေး

တပ်မတော် (PDF) နှင့် လက်အောက်ခံအဖွဲ့အစည်းများကို အကြမ်းဖက်အုပ်စုအဖြစ် ၈-၅-၂၀၂၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ ဥပဒေနှင့်အညီ ထုတ်ပြန်ကြေညာထားမှုများနှင့် ၎င်းတို့၏ဆောင်ရွက်ချက်များကို သံရုံး/သံတမန်များ၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းအဖွဲ့အစည်း၊ အာဆီယံ၊ အာဆီယံရဲအဖွဲ့၊ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL) တို့ကို သတင်းဖလှယ်ပေးပို့လျက်ရှိပါကြောင်း၊ လက်ရှိမြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသောအခြေအနေများသည် ပြည်တွင်းရေးကိစ္စသာဖြစ်သည်ဟု ထုတ်ပြန်ထားသည့် မူဝါဒအရ အကြမ်းဖက်အုပ်စု CRPH ၊ NUG နှင့် အမည် အမျိုးမျိုးဖြင့် ဖွဲ့စည်းထားသော PDFs များကို နိုင်ငံတကာ အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ် နိုင်ရန် ဆောင်ရွက်မှုမပြုသေးခြင်းဖြစ်ပါကြောင်း၊

၈။ အကြမ်းဖက်အုပ်စု CRPH နှင့် ယင်း၏ လက်အောက်ခံ အမည်အမျိုးမျိုးဖြင့်ဖွဲ့စည်းထားသော PDFs များအနေဖြင့် အင်တာနက်မီဒီယာများမှ ပြည်သူလူထုအား ဆွဲဆောင်စည်းရုံးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ရန်ပုံငွေတောင်းခံခြင်းတို့ကို စတင်ပြုလုပ်ခဲ့ပြီး ဒေသန္တရလုပ်လက်နက်များ အသုံးပြုခဲ့ရာမှ လက်ရှိအချိန်တွင် မောင်းပြန်လက်နက်များ၊ ဖောက်ခွဲရေးပစ္စည်းများနှင့် ရှော့တိုက်ဗုံးများအထိ အသုံးပြုအကြမ်းဖက်တိုက်ခိုက်လာတာကို တွေ့ရှိရပါကြောင်း၊ အကြမ်းဖက်အုပ်စု CRPH/ NUG နှင့် PDFs များ၏ မီးရှို့၊ မိုင်းထောင်၊ ဖောက်ခွဲ၊ ဖျက်ဆီးခဲ့သည့် အကြမ်းဖက်တိုက်ခိုက်ခဲ့မှုများအား ရှင်းလင်းပြောကြားခဲ့ပါသည်။

၉။ အကြမ်းဖက်အုပ်စု CRPH/ NUG နှင့် ယင်း၏ လက်အောက်ခံ PDFs များသည် ပြည်တွင်းမငြိမ်မသက်မှုများ ပိုမိုဖြစ်ပေါ်စေရန်နှင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်အတွက် လက်နက်ကိုင် အကြမ်းဖက်မှု(Armed Insurrection)နှင့် မြို့ပြသူပုန်ထမှု (Civil Insurgency)တို့ကို ပုံဖော်လာသည်ကိုတွေ့ရမည်ဖြစ်ပါကြောင်း၊အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အနေဖြင့် တားဆီးနှိမ်နင်းရေးနှင့် ကြိုတင်ကာကွယ်ရေးတွင် လုံခြုံရေးအစီအမံများချမှတ်၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထိန်းချုပ်မှုလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အကြမ်းဖက်မှု ပြဿနာသည် အစွန်းရောက်မှုမှ စတင်ဖြစ်ပေါ်လာသည့်အတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် အစွန်းရောက်မှုများ တားဆီးနှိမ်နင်းရေးလုပ်ငန်းစီမံချက်များကို ရေးဆွဲဆောင်ရွက်ရန် နမူနာပုံစံနှင့်အတူ ပေးပို့ထားပြီးဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး / ပြည်နယ်များအနေဖြင့် မိမိဒေသတွင် ဖြစ်ပေါ်နေသည့် အခြေအနေနှင့်ကိုက်ညီသည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်မည့် လုပ်ငန်းစီမံချက်မျိုးရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊

၁၀။ အကြမ်းဖက်ပြဿနာသည် နိုင်ငံဖြတ်ကျော်မှုခင်း အမျိုးအစားဖြစ်သဖြင့် ကုလသမဂ္ဂ၏ နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးကွန်ဗင်းရှင်း ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မိမိတို့ဗဟိုအဖွဲ့အနေဖြင့် အကြမ်းဖက်အုပ်စု/ အကြမ်းဖက်သမားဟု ဥပဒေနှင့် အညီစတင်ထုတ်ပြန်ကြေညာသည်မှစ၍ အကြမ်းဖက်မှုဖြစ်စဉ်လုပ်နည်းလုပ်ဟန်များ၊ အရေးယူ ဆောင်ရွက်ချက်များကို ရဲတပ်ဖွဲ့၏ ရာဇဝတ်ပြစ်မှုဆိုင်ရာလမ်းကြောင်း၊ သံတမန်လမ်းကြောင်း တို့ဖြင့် နိုင်ငံတကာသို့ လစဉ် သတင်းဖလှယ်လျက်ရှိပါကြောင်း၊

၁၁။ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်ပတ်သက်ပြီး ၂၀၂၂ ခုနှစ် ကမ္ဘာလုံးဆိုင်ရာညွှန်းကိန်းနှင့် အင်တာပိုလ်က ချမှတ်ထားသော စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့် မဟာဗျူဟာမူဘောင် ၅ ရပ် နှင့်ပတ်သက်၍ ဗဟိုအဖွဲ့ဝင်များသိရှိလေ့လာနိုင်ရန် ဘာသာပြန်ဆိုပြီး ဖြန့်ဝေပေးထားပါကြောင်း၊ အဆိုပါအချက်များကို လေ့လာပြီး မိမိတို့နိုင်ငံတွင် ဆောင်ရွက်သင့်သည်များကို ဆွေးနွေးအကြံပြု ပေးကြစေလိုပါကြောင်း၊

၁၂။ အကြမ်းဖက်မှုခင်းများသည် အခြားမှုခင်းများနှင့် ဖြစ်ပွားသည့်အကြောင်းရင်းခံမတူညီဘဲ ကိုင်တွယ်ဖြေရှင်းရာတွင်လည်း ရှုပ်ထွေးပြီး အခက်အခဲများ၊ စိန်ခေါ်မှုများစွာ ရှိနေပါကြောင်း၊ အကြမ်းဖက်မှုဖြစ်ပေါ်မလာအောင် ကြိုတင်ကာကွယ်ရေးအစီအမံ (Preventative Measure) ကို စနစ်တကျစီမံဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ နယ်မြေ၊ အဖွဲ့အစည်း၊ ပတ်ဝန်းကျင်မှာရှိနေသူများ၊ ဆက်ဆံလုပ်ကိုင်နေရသူများသည်လည်း အကြောင်းခြင်းရာတစ်ခုကြောင့် အကြမ်းဖက်သမား အသွင် ချက်ချင်း ပြောင်းလဲလုပ်ဆောင်သွားနိုင်တယ်ဆိုတာကို သိရှိထားရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ လူငယ်များအကြား ပြောင်းလဲလာသည့် နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နည်းပညာတိုးတက်မှုများအပေါ် လက်ခံယုံကြည်မှုပုံစံများ မတူညီကြဘဲ အယူအဆအမျိုးမျိုး ကွဲပြားနေတာကို တွေ့ရမှာဖြစ်ပါကြောင်း၊ ယခုကဲ့သို့ မတူညီသည့် အယူအဆများမှတစ်ဆင့် တွန်းလှန်ပြောင်းလဲလိုသည့် အယူဝါဒများ ပြင်းထန်လာပြီး အစွန်းရောက်မှုနှင့် အကြမ်းဖက်မှု၊ အကြမ်းဖက်သမား ဖြစ်ပေါ်လာရခြင်းဖြစ်ပါကြောင်း၊ အကြမ်းဖက်မှုသည် လက်နက်ကိုင်တွယ် ခြင်းမှ စတင်ခြင်းမဟုတ်ဘဲ အယူအဆ၊ အတွေးအခေါ်လွဲမှားမှု၊ အစွန်းရောက်မှုတို့မှတစ်ဆင့် စတင်ခြင်းဖြစ်ပါကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးမှာ အသိပညာပေးရေး၊ သတင်းအချက် အလက်များ အချိန်နှင့်တစ်ပြေးညီပြန်ကြားရေး၊ သတင်းမှားများ ချေဖျက်နိုင်ရေး၊ အမုန်းစကားနှင့် လုပ်ကြံဖန်တီးသည့် သတင်းတုများတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို ထိရောက်စွာ လုပ်ဆောင်

နိုင်ရန် အလွန်အရေးကြီးပါကြောင်း၊ သို့ပါ၍ ခိုင်မာအားကောင်းသည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊

၁၃။ ကြိုတင်ကာကွယ်ရေးကဏ္ဍတွင် အကြမ်းဖက်သမားများအတွက် ငွေကြေးထောက်ပံ့မှု ရရှိနေခြင်းသည် အကြမ်းဖက်မှုများ ပိုမိုဖြစ်ပေါ်စေပြီး အဖွဲ့အစည်း သက်ဆိုးရှည်စေပါကြောင်း၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်ပတ်သက်၍ ပြည်တွင်း/ပြည်ပ နှစ်ခုစလုံးကို ထိထိရောက်ရောက် တားဆီးနိုင်ရန် လိုအပ်ပါကြောင်း၊ ပြည်ပနိုင်ငံများသို့ စီးဆင်းနေသည့် ငွေကြေးထောက်ပံ့မှုများကို စုံစမ်းဖော်ထုတ်နိုင်ရန် သတင်းအချက်အလက်ရရှိရေးနှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရေးမှာ အားနည်းလျက်ရှိနေပါကြောင်း၊ **အကြမ်းဖက်မှုကို စတင်ဖြစ်ပေါ်စေသည့် အစွန်းရောက်မှုများတိုက်ဖျက်ရေး**နှင့် **အကြမ်းဖက်သမားများကို ငွေကြေးထောက်ပံ့မှုများ ထိန်းချုပ်တားဆီးနိုင်ရေး** စသည့် အချက် ၂ ချက်ကို ဥပဒေနှင့်အညီ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဗဟိုအဖွဲ့ဝင်များအားလုံးက မိမိတို့၏ အတွေ့အကြုံ၊ ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များ၊ အကြံပြုချက်များ ဆွေးနွေးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊

၁၄။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အနေဖြင့် **အကြမ်းဖက်မှုများ တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးကော်မတီနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှု များတားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ** တို့ကို ဒုတိယဝန်ကြီးများ ဦးဆောင်၍ ဖွဲ့စည်းတာဝန်ပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီအောက်တွင် လုပ်ငန်းအဖွဲ့ ၆ ခု ဖွဲ့စည်းထားပြီး ပြင်ဆင်ဖွဲ့စည်းသင့်သည်များ ထပ်မံဖွဲ့စည်းရန် လိုအပ်သည်များရှိပါက ယခုအစည်းအဝေးတွင် ဆွေးနွေးအကြံပြုပေးစေလိုပါကြောင်း၊

၁၅။ အကြမ်းဖက်မှုတိုက်ဖျက်ရေးနည်းဥပဒေကို အပြီးသတ်ရေးဆွဲပြီး၊ အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူရန် တင်ပြထားပြီးဖြစ်ပါကြောင်း၊ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေ ကြီးကြပ်ထိန်းသိမ်းရေး စည်းမျဉ်းကိုလည်းရေးဆွဲပြီး အစိုးရအဖွဲ့၏ အတည်ပြုချက်ရရှိပြီးဖြစ်ပါကြောင်း၊ ၂၀၂၃ ခုနှစ်မှစ၍ နှစ်စဉ် ခွင့်ပြုပေးမည့် ဘဏ္ဍာငွေကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ သုံးစွဲနိုင်ရေး၊ စာရင်းစစ်ဆေးခြင်းအပါအဝင် စနစ်တကျထားရှိအသုံးပြုရေးတို့ကို စီစဉ်ဆောင်ရွက်ထားပါကြောင်း၊

၁၆။ တိုင်းဒေသကြီး/ပြည်နယ်များမှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ သတင်းအချက်အလက်နှင့် ပူးပေါင်းဆောင်ရွက်လိုသူများရှိနေသော်လည်း စည်းရုံးမှုနှင့်လုပ်ဆောင်နိုင်မှု

အားနည်းနေသေးသည်ကို တွေ့ရှိရပါကြောင်း၊ သတင်းအချက်အလက်နှင့် ပူးပေါင်းဆောင်ရွက်သူများကို ထိုက်ထိုက်တန်တန် ဆုများပေးအပ်ချီးမြှင့်လျက်ရှိပြီး ၎င်းတို့ လုံခြုံရေးအတွက်ကိုလည်း လျှို့ဝှက်ထားရှိပေးသည့်အတွက် တိုင်းဒေသကြီး/ ပြည်နယ်များ၏ နယ်မြေများမှာ သတင်းအချက်အလက်ရယူမှုကို အလေးထားတိုးမြှင့်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊

၁၇။ မြန်မာနိုင်ငံတွင် နယ်မြေအပိုင်စီးရယူလိုမှုကြောင့် ပြည်ပအထောက်အပံ့ဖြင့် ရခိုင်ပြည်နယ်တွင် လက်နက်ကိုင်တိုက်ခိုက်နေသည့် ARSA အစွန်းရောက်အကြမ်းဖက်အုပ်စုနှင့် နိုင်ငံတော်အာဏာကို မတရား အဓမ္မရယူရန် ကြိုးပမ်းခဲ့ပြီး ၎င်းတို့ကိုယ် ၎င်းတို့ အစိုးရဟု ကြွေးကြော်နေသည့် အကြမ်းဖက်အုပ်စု CRPH/NUG နှင့် ယင်း၏ လက်အောက်ခံ PDFs များအား တားဆီးနှိမ်နင်းရေးကို ပြည်သူများ၏ အကျိုးစီးပွားအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဥပဒေနှင့်အညီ အရှိန်အဟုန်မြှင့် တိုက်ဖျက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေများကို လေ့လာသုံးသပ်ပြီး ဆောင်ရွက်သင့်သည့်အစီအမံများ၊ အကြမ်းဖက်မှုများ၊ အကြမ်းဖက်အုပ်စုများတိုက်ဖျက်ရေးတွင် ထည့်သွင်းဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များ၊ သတင်းအချက်အလက်များ ရရှိအသုံးပြုနိုင်ရေး၊ ပြည်သူများပညာပေးရေးတို့ကို အစည်းအဝေး တက်ရောက်လာသူများ၏ အတွေ့အကြုံကောင်းများ၊ ရင့်ကျက်သည့် အကြံဉာဏ်များကို ရယူဆောင်ရွက်လိုပါသဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးကြရန် ပြောကြားခဲ့ပါသည်။

## ၂၀၂၂ ခုနှစ်တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြခြင်း

၁၈။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်က ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေနှင့်အညီ ထုတ်ပြန်ကြေညာထားသည့် အကြမ်းဖက်အုပ်စု ၂ ခုသည် အကြမ်းဖက်မှုပုံစံများမတူညီဘဲ ကွဲပြားခြားနားသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ရည်ရွယ်ချက်နှင့် ဖြစ်ပေါ်လာသည့် အရင်းခံအကြောင်းတရား မတူညီမှုကြောင့်ဖြစ်ပါကြောင်း၊ လုံခြုံရေးအဖွဲ့များက ကြိုတင်ကာကွယ်ရေးနှင့် တားဆီးနှိမ်နင်းရေးဆောင်ရွက်ရာမှာ ထိရောက်မှုရှိအောင် လျော်ညီသည့်ပုံစံနှင့် အစီအမံများချမှတ်ဆောင်ရွက်သွားရန် ဆွေးနွေးလိုပါကြောင်း၊ ARSA အစွန်းရောက် အကြမ်းဖက်အုပ်စုသည် ပြည်ပနိုင်ငံမှာ အခြေကုတ်ယူထားပြီး Islamic State မှ အကြမ်းဖက်အုပ်စုများနှင့် ဆက်သွယ်သည့် အထောက်အထားများရရှိထားပြီး အထောက်အပံ့အကူအညီများရရှိမှု၊ တောင်းဆိုနေမှုများလည်း တွေ့ရှိရပါကြောင်း၊ ကုလသမဂ္ဂ၏ Sanction List 2368 တွင် ထည့်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရကလည်း ARSA အကြမ်းဖက်အုပ်စု

ခေါင်းဆောင်နှင့် အဖွဲ့ဝင်များကို တရားစွဲဆိုထားသည့် သတင်းများ ထုတ်ပြန်ခဲ့ပြီး အကြမ်းဖက် ဗဟိုအဖွဲ့အနေဖြင့်လည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ သတင်းဖလှယ်မှု၊ အကြမ်းဖက်ဥပဒေဖြင့် တရားစွဲဆိုမှုများဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

၁၉။ ဆက်လက်၍ CRPH/NUG နှင့် ယင်း၏ လက်အောက်ခံ PDFs များသည် နိုင်ငံတော်အာဏာကို မတရား အခွင့်ရယူရန် ကြိုးစားလုပ်ဆောင်မှုကြောင့် နိုင်ငံရေးပဋိပက္ခများက ပေါ်ထွက်လာသည့် အကြမ်းဖက်အုပ်စုဖြစ်ပါကြောင်း၊ နိုင်ငံတကာက အကောင်းမြင်ပြီး ပြည်သူရွေးချယ်တင်မြှောက်ခြင်းခံရသူများဟု မျက်နှာသာပေး ဘက်လိုက်ဖော်ပြနေသည့် အားသာချက်နှင့် အကြမ်းဖက်လုပ်ရပ်တွေကို ဆောင်ရွက်နိုင်တာဖြစ်ပါကြောင်း၊ ၎င်းအကြမ်းဖက်အုပ်စုသည် Media Welfare အားသာချက်ရရှိနေပါကြောင်း၊ အကြမ်းဖက်ဖြစ်စဉ် ခိုင်လုံသည့် အထောက်အထားများစုစည်းပြီး တွေ့ဆုံပွဲများ၊ အစည်းအဝေးများတွင် ချပြရှင်းလင်းခြင်းနှင့် ပြည်သူလူထုယုံကြည်မှုတည်ဆောက်ခြင်းတို့ကို များများလုပ်ပြီး ချေဖျက်ရမည်ဖြစ်ပါကြောင်း၊ ပညာပေးရေးလုပ်ငန်းသည် တစ်ဦးတစ်ယောက်၊ ဌာနတစ်ခုတည်းဖြင့် မအောင်မြင်နိုင်ဘဲ ဌာနဆိုင်ရာအားလုံးနှင့် နီးစပ်ပတ်သက်သည့် လူမှုအသိုက်အဝန်းအားလုံးတို့က ပူးပေါင်းဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်းနှင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း အကြမ်းဖက်အုပ်စု CRPH/ NUG နှင့် PDFs တို့၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့် ဖျက်ဆီးခံရမှု၊ သေဆုံး/ဒဏ်ရာရမှု အမည်စာရင်းများအား အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ အကြမ်းဖက်ဖြစ်စဉ်များကို ၂၀၂၃ ခုနှစ်ကာလမှာ လျှော့ချနိုင်ပြီး တားဆီးထိန်းချုပ်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရန် အထူးလိုအပ်ပါကြောင်း၊ CRPH/ NUG တို့၏ ပြည်သူကို စည်းရုံးသည့် ထုတ်ပြန်ချက်များ ထုတ်ပြန်နေသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ စိစစ်ရရှိသည့်စာရင်းများအရ ၂၀၂၁ ခုနှစ်မှ ယနေ့ကာလအထိ နိုင်ငံရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ၊ ပြည်သူ့ကာကွယ်ရေးဆိုင်ရာ၊ ဥပဒေဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ၊ ဝန်ထမ်းများဆိုင်ရာ၊ ပညာရေးဆိုင်ရာ၊ CDM နှင့် Non-CDM ဆိုင်ရာထုတ်ပြန်ချက် စုစုပေါင်း ၄၀၀ ကျော်ရှိခဲ့သည်ကို တွေ့ရပါကြောင်း၊ ထိုထုတ်ပြန်ချက်များအပေါ် ပြည်သူများက စိုးရိမ်ထိတ်လန့်မှုများရှိနေသည်ကို ချေဖျက်နိုင်ရန် လိုအပ်ပါကြောင်း၊ ငွေကြေးမရရှိဘဲ မည်သည့်အကြမ်းဖက်အုပ်စုမှ ရပ်တည်နိုင်စွမ်းမရှိပါကြောင်း၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်ပတ်သက်၍ ပြည်တွင်းလုပ်ငန်းစဉ်/ လုပ်ထုံးလုပ်နည်းများအပြင် ထိရောက်မှုရှိသည့်နည်းလမ်းများ ရှာဖွေဆောင်ရွက်သင့်ပါကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖော်ဆောင်နိုင်ရေး၊ သတင်းမှားနှင့်ဝါဒဖြန့်မှုများ တိုက်ဖျက်ရေး၊ ပြည်သူလူထုယုံကြည်မှု ပိုမိုတည်ဆောက်ရေး၊ လုံခြုံရေးအဖွဲ့များ၏ စိတ်ဓာတ်

နှင့် စွမ်းရည်မြင့်မားရေး၊ ဆင့်ကဲအုပ်ချုပ်မှုစနစ် ကောင်းမွန်ရေးတို့ကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်များနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ခဲ့မှုများ တင်ပြခြင်း**

၂၀။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး ဌာနကြီးမှူး ရဲမှူးချုပ် အောင်ဌေးမြင့်က တင်ပြရာတွင် ဗဟိုအဖွဲ့အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၂) ကို ၂၃-၆-၂၀၂၂ ရက်နေ့က ကျင်းပပြုလုပ်ခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အချက် ၁၄ ချက် ချမှတ်ပေးခဲ့ပါကြောင်း၊ အချက် ၁၃ ချက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုရှိခဲ့ပြီး မျိုးဆက်သစ်လူငယ်များအကြား အစွန်းရောက်လှုံ့ဆော်မှုများလျှော့ချနိုင်ရေး (De-radicalization) အစီအစဉ်များ ချမှတ်ဆောင်ရွက်သွားရန်ဟူသည့် အချက်ကို ဆောင်ရွက်နိုင်မှုမရှိသေးသည်ကို တွေ့ရပါကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် အစွန်းရောက်မှုနှင့် လှုံ့ဆော်မှုများ တိုက်ဖျက်ရေးသည် အဓိကဖြစ်ပါ၍ ထိုအချက်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်နေပါကြောင်း၊ အာဆီယံအကြမ်းဖက်မှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းနှင့် ၂၀၂၂-၂၀၂၅ လုပ်ငန်းစီမံချက်တွင် ဖော်ပြထားသော အချက်များနှင့်ကိုက်ညီ၍ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အောက်တွင် ဖွဲ့စည်းထားရှိသော လုပ်ငန်းကော်မတီ ၃ ရပ်နှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီအောက်မှ လုပ်ငန်းအဖွဲ့ ၆ ဖွဲ့တို့၏ ၂၀၂၂ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ဖြစ်ပေါ်လာသည့် အကျိုးရလဒ်များကို ဆွေးနွေးတင်ပြခဲ့ပါသည်။

၂၁။ ဆက်လက်၍ ၂၀၂၂ ခုနှစ်၊ (၉၀)ကြိမ်မြောက် အင်တာပိုလ်အထွေထွေညီလာခံက ချမှတ်ပေးထားသည့် ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေးမဟာဗျူဟာ ၂၀၂၂-၂၀၂၅ အကောင်အထည်ဖော်ရေး အဆင့် ၄ ဆင့်နှင့်ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံသည် အကြမ်းဖက်မှုညွှန်းကိန်း ၇.၈၃ ဖြင့် အဆင့် ၇ နေရာတွင် သတ်မှတ်ထားသည့် အကြောင်းရင်းနှင့် အညွှန်းကိန်း တွက်ချက်မှုတို့ကိုလည်းကောင်း ဆွေးနွေးတင်ပြပါသည်။ အကြမ်းဖက်မှုအန္တရာယ် မြင့်မားလာနိုင်မှုကို စဉ်းစားသုံးသပ်ရာတွင် နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုပြောင်းလဲလာမှုများနှင့် ပြည်တွင်းအခြေအနေများကို လေ့လာတွက်ဆရသည့် အခြေအနေများ၊ ပြည်တွင်းအခြေအနေများကြောင့် ဖြစ်ပေါ်လာနိုင်မှုများတွင် ပြည်သူများ၏ စီးပွားရေးနှင့် လူမှုအသိုက်အဝန်းပုံစံ၊ ဘဏ်နှင့် ငွေကြေးအဖွဲ့အစည်းများခိုင်မာမှု၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရား

များအပေါ် စဉ်ဆက်မပြတ် စောင့်ကြည့်အကဲဖြတ်ရန် လိုအပ်ပါကြောင်းနှင့် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများ၊ ၂၀၂၂ ခုနှစ်တွင် အင်တာပိုလ်နှင့် ဆက်သွယ်၍ အကြမ်းဖက်မှုဖြစ်စဉ်များနှင့် တရားခံပြေးများဖမ်းဆီးရေး ဆောင်ရွက်ထားရှိမှု၊ နှစ်နိုင်ငံနှင့် ဒေသတွင်း ရဲအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ အကြမ်းဖက်အုပ်စု၊ အကြမ်းဖက်သမားတို့နှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်မည့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြခဲ့ပါသည်။

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဝင်များက ဆွေးနွေးတင်ပြခြင်း**

၂၂။ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်လင်းထွန်းက ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် အစွန်းရောက်မှုတားဆီးနှိမ်နင်းရေးလုပ်ငန်းစဉ်များအတွက် အကြံပြုချက်များ ပေးပို့ခဲ့ပါကြောင်း၊ ထိုအချက်များတွင် ကြိုတင်ကာကွယ်ရေးအတွက် ပြည်သူမှလိုအပ်သည့် အကူအညီများ တောင်းခံနိုင်ရန် အကြမ်းဖက်သမားများ သတင်းပေးပို့နိုင်ရန် ပြည်သူပါဝင်သည့် လုံခြုံရေးစနစ်တည်ဆောက်ခြင်း၊ အကြမ်းဖက်မှုဖြစ်စေရန် အားပေးကူညီသူများ၊ လှုံ့ဆော်သူများဥပဒေနှင့်အညီအရေးယူခြင်း၊ နည်းပညာအသုံးပြုခြင်း၊ ဖောက်ခွဲတိုက်ခိုက်မှုများနှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ ဒရုန်းတိုက်ခိုက်မှုများ တားဆီးကာကွယ်ရေးဆိုင်ရာများ ပါဝင်ပါကြောင်း၊ တားဆီးနှိမ်နင်းရေးတွင် အကြမ်းဖက်မှုဖြစ်ပွားသော မြို့နယ်များ၌ စုဖွဲ့မှုနှင့်ကင်းလှည့်စောင့်ရှောက်မှု၊ တန်ပြန်အကြမ်းဖက်မှု ချေမှုန်းရေးတို့နှင့်ပတ်သက်၍ ရေးဆွဲဖော်ပြထားပါကြောင်း၊ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွင် နည်းပညာ အဆင့်မြှင့်တင်ခြင်းနှင့် အထောက်အကူပစ္စည်း တပ်ဆင်ပေးခြင်း၊ Online Media ဆက်သွယ်မှုများ ထိန်းချုပ်ခြင်းတို့ပါဝင်ပါကြောင်း၊ တိုင်းစစ်ဌာနချုပ်နယ်မြေအလိုက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြခဲ့ပါသည်။

၂၃။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ထူး က တိုင်းဒေသကြီး/ပြည်နယ်များအတွက် အကြမ်းဖက်မှုတိုက်ဖျက်ကာကွယ်ရေးစီမံချက်နှင့်ပတ်သက်၍ အကြံပြုချက် ၄ ချက်ကို တင်ပြခဲ့ပါကြောင်း၊ အပိုင်း ၁ ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်တွင် အချက် ၈ ချက်ပါဝင်ပါကြောင်း၊ အပိုင်း ၂ တားဆီးနှိမ်နင်းရေးနှင့် အပိုင်း ၃ စွမ်းရည်မြှင့်တင်ရေးပူးပေါင်းဆောင်ရွက်မှု၊ ပညာရေးအစီအစဉ်များဖြစ်ပါကြောင်း၊ အစွန်းရောက်တိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များ ထိရောက်မှုရှိစေရန် ဆောင်ရွက်ခြင်း၊ အကြမ်းဖက်မှုများ၏ မဟာဗျူဟာနှင့် နည်းဗျူဟာဆောင်ရွက်နေမှုများ၊ ARSA အကြမ်းဖက်အုပ်စု၊ CRPH,

NUG, PDFs နှင့် ကြမ်းဖက်အုပ်စုများ၏ ဆောင်ရွက်နေမှုများ၊ G-7, G-20 Summit များမှ ထွက်လာသည့်ရလဒ်များ၊ တရုတ်-အာဆီယံမှ ထွက်လာသည့် ရလဒ်များကြည့်လျှင် မြန်မာနိုင်ငံ၏ အခြေအနေသည် အကြမ်းဖက်မှုများ မြင့်မားလာနိုင်သည်ဟု သုံးသပ်ထားပါကြောင်း၊ အကြမ်းဖက်မှုနှင့် အရေးယူပါက လွတ်ငြိမ်းချမ်းသာခွင့်မရှိစေရဟု ဥပဒေပြဋ္ဌာန်းခြင်းမျိုး ပြုလုပ်နိုင်ပါက အတိုင်းအတာတစ်ခုအထိ ထိန်းသိမ်းနိုင်မည်ဟု သုံးသပ်ပါကြောင်း၊ အမေရိကန်နိုင်ငံက အတည်ပြုသည့် Burma Act , UN က တောင်းဆိုနေမှုများ၊ အာဆီယံဒေသတွင်း ဖိအားများကြောင့် ပိုမိုခက်ခဲလာနိုင်ပြီး ဝိုင်းဝန်းစဉ်းစားဖြေရှင်းမှသာ အောင်မြင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးခဲ့ပါသည်။

၂၄။ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးရဲတင့် က အကြမ်းဖက်မှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ နေ့စဉ် သတင်းစာ ၊ ရေဒီယို၊ တိုင်းရင်းသားဘာသာစကားတို့ဖြင့် အသံလွှင့်မှုများ ထုတ်ပြန်နေပါကြောင်း၊ Website များ ထူထောင်၍ မြို့နယ်အဆင့်အထိ Facebook Page ၄၀၀ ကျော်မှ သတင်းထုတ်ပြန်နေပါကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလ ၂၀ ရက်နေ့အထိ Website များတွင် သတင်း ၁၅၆၄ မှု လွှင့်တင်ခဲ့ပါကြောင်း၊ ကြိုတင်ကာကွယ်ရေးအစီအမံများတွင် အသိပညာပေးရေး၊ သတင်းထုတ်ပြန်ရေး၊ သတင်းမှားချေဖျက်ရေး၊ သတင်းတုများတိုက်ဖျက်ရေး စသည့် အချက် ၄ ချက်ကိုတွေ့ရပါကြောင်း၊ ဆောင်းပါးဟောပြောပွဲများပြုလုပ်လျက်ရှိပါကြောင်း၊ အကြမ်းဖက်သတင်းများ ထုတ်ပြန်မှုနောက်ကျလျက်ရှိပါကြောင်း၊ မျိုးဆက်သစ် လူငယ်များအကြား အစွန်းရောက်လှုံ့ဆော်မှုများ လျှော့ချနိုင်ရေး (De-radicalization) ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၊ ပညာရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

၂၅။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း က အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ ဝန်ကြီးဌာန၏အကြံပြုချက်များကို ပြန်ကြားထားပြီးဖြစ်ပါကြောင်း၊ ဆိပ်ကမ်းများ လုံခြုံရေးစီမံချက်ရေးဆွဲနိုင်ရန်အတွက် Security Risk Assessment ကို ဦးစွာဆောင်ရွက်ပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဆိပ်ကမ်းလုံခြုံရေးဝန်ထမ်းများအား နိုင်ငံတကာအဆင့်မီ ဆိပ်ကမ်းလုံခြုံရေးသင်တန်းများ ဖွင့်လှစ်သင်ကြားခြင်းဆောင်ရွက်နေပါကြောင်း၊ လုံခြုံရေးဆိုင်ရာ ဆက်သွယ်ရေးတာဝန်ခံများ၊ လိပ်စာ၊ တယ်လီဖုန်း၊ အီးမေးလ်၊ ဖက်စ်များ ထုတ်ပြန်ကြေညာထားပါကြောင်း၊ Coast Guard မြန်မာနိုင်ငံရေကြောင်းပို့ဆောင်ရေး

ညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းလုံခြုံရေးရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ဆိပ်ကမ်းလုံခြုံရေးဆိုင်ရာ ကျွမ်းကျင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လေကြောင်းလုံခြုံရေးကဏ္ဍတွင် လေယာဉ်နှင့် လေယာဉ်ပေါ်တွင် လေဆိပ်တို့အား ဘေးအန္တရာယ်ပြုခြင်း၊ ဓားစာခံဖမ်းဆီးထိန်းသိမ်းခြင်း၊ လက်နက်ခဲယမ်းများယူဆောင်ခြင်း၊ လေယာဉ်အသုံးပြု၍ လူအများအပြားသေစေရန်ပြုလုပ်ခြင်းနှင့် ဥပဒေမဲ့ပြုမူခြင်းများကို ကာကွယ်တားဆီးရန် လိုအပ်ပါကြောင်း၊ မြို့ပြလေကြောင်းဆိုင်ရာနှင့်ပတ်သက်၍ လေကြောင်းလုံခြုံရေးနည်းဥပဒေပြဋ္ဌာန်းရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုံခြုံရေးအဖွဲ့အစည်းအသီးသီး၏ လုံခြုံရေးအစီအမံများ ရေးဆွဲလျက်ရှိပါကြောင်း၊ နိုင်ငံတကာတွင် ကျင်းပသည့် လေကြောင်းလုံခြုံရေးဆိုင်ရာအစည်းအဝေးများ၊ ဖိုရမ်များ၊ အလုပ်ရုံဆွေးနွေးပွဲများ ပါဝင်တက်ရောက်လျက်ရှိပါကြောင်း၊ ဆက်သွယ်ရေးကဏ္ဍအနေဖြင့် လုံခြုံရေးအရအင်တာနက်ပိတ်သိမ်းမှုများ ပြုလုပ်ပေးနေပါကြောင်း၊ ပြည်သူများပညာပေးရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် Operator ၄ ခု ရှိသည့်အနက် Mobile Phone အသုံးပြုသူ ၄၆ သန်းကျော် ရှိပါကြောင်း၊ အကြမ်းဖက်မှုလျော့ပါး စေရေးအတွက် ပညာပေးသည့် SMS များ တစ်ပြိုင်တည်း ပေးပို့ပါက ထိရောက်မှုရှိနိုင်ပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

၂၆။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဌေးလှိုင်က ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန် ၁၉ ခုအနက် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ တရားခံများလွှဲပြောင်းရေး၊ အကြမ်းဖက်မှုနှင့်ဆက်စပ်သည့် Black list စာရင်းရေးသွင်းခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဗဟိုအဖွဲ့အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၁) ဆုံးဖြတ်ချက်ပါ လူဝင်/ထွက် စစ်ဆေးရေးကို အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ရန်ကုန်-မန္တလေး-နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် တရုတ်နယ်စပ်ဝင်/ထွက်ပေါက် ၈ ခု၊ လာအိုနယ်စပ် ၂ ခု၊ ထိုင်းနယ်စပ် ၄ ခု၊ ဘင်္ဂလားဒေ့ရှ်နယ်စပ် ၁ ခုနှင့် အိန္ဒိယနယ်စပ် ၂ ခုတို့တွင် အကြမ်းဖက်သမားများနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်းစစ်ဆေးတားဆီးလျက်ရှိပါကြောင်း၊ ဘင်္ဂါလီများ တရားမဝင် ဝင်ရောက်မှုများကိုလည်း ဥပဒေနှင့်အညီ တားဆီးအရေးယူလျက်ရှိပါကြောင်း၊ ဘင်္ဂါလီများသည် ငွေကြေးထောက်ပံ့မှုများနှင့် စနစ်တကျ စီစဉ်သွားလာနေသည်ကို တွေ့ရ၍ ၎င်းတို့နောက်ကွယ်မှ အကြမ်းဖက်မှုနှင့် ဆက်နွယ်မှုရှိ/မရှိ စိစစ်သင့်ပါကြောင်း၊ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများ၊ အများအားဖြင့် မလေးရှား၊ ထိုင်းနိုင်ငံတို့မှ ဝင်ရောက်လာသူများသည် တစ်ဖက်တွင် အကြမ်းဖက်မှုနှင့်ဆက်စပ်သည့် သင်တန်းများ တက်ရောက်ခဲ့ခြင်းရှိ/မရှိ စိစစ်ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

၂၇။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ လင်းအောင်က အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘဏ်စာရင်းမှတ်တမ်းတောင်းခံလာခြင်း၊ ငွေစာရင်းများ ယာယီတားဆီးလိုခြင်းတို့နှင့်ပတ်သက်၍ စုစည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သို့ရာတွင် ဗဟိုအဖွဲ့အမိန့်ဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့များမဟုတ်သည့် အခြားဌာန/ အဖွဲ့အစည်းများက တောင်းခံမှု၊ ငွေစာရင်းတားဆီးပေးရန် အကြောင်းကြားမှုများအတွက် ဆောင်ရွက်ပေးရန် အခက်အခဲရှိပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများအနေဖြင့် ဘဏ်များကို ဆက်သွယ်၍ ငွေစာရင်းအချက်အလက်တောင်းခံခြင်း၊ ငွေစာရင်းယာယီတားဆီးရန် အကြောင်းကြားခြင်းများရှိပါကြောင်း၊ ဘဏ်ဥပဒေအရ Customer များ၏ အချက်အလက်များကို လျှို့ဝှက်ထားရမည်ဖြစ်၍ ဆောင်ရွက်ပေးရန် အခက်အခဲရှိပါကြောင်း၊ အဆိုပါကိစ္စများကို ပြည်ထဲရေးဝန်ကြီးဌာနကတစ်ဆင့် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါကြောင်း၊ ဗဟိုဘဏ်ဥက္ကဋ္ဌအနေဖြင့် AML/CFT လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ တာဝန်ယူပြီး FATF ၏ Sanction Black List မှ ပယ်ဖျက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်း/ပြည်ပ ငွေကြေးစီးဆင်းမှုဖော်ထုတ်ရာတွင် Threshold Amount သိန်း ၁၀၀ ကျော်လွန်သည့် သံသယဖြစ်ဖွယ် ငွေလွှဲပြောင်းမှုများ ပုံမှန်ပေးပို့လျက်ရှိပါကြောင်း၊ ဗဟိုအဖွဲ့မှ တောင်းခံလာသည့် အချက်အလက်များနှင့် ညွှန်ကြားချက်များကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးခဲ့ပါသည်။

၂၈။ ပညာရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာ စိုးဝင်းက CRPH, NUG, PDFs အကြမ်းဖက်အုပ်စုများ၏ အကြမ်းဖက်တိုက်ခိုက်မှုသည် စာသင်ကျောင်းနှင့် ရုံးများဖြစ်ပါကြောင်း၊ လူထိခိုက်သေဆုံးမှုများရှိပြီး အများဆုံးမှာ စစ်ကိုင်းတိုင်းဒေသကြီးတွင်ဖြစ်ပါကြောင်း၊ ကျောင်း/ ရုံးများအနက် ပြုပြင်ပြီး ၅၈ ခုနှင့် ပြုပြင်ဆဲ ၂၃ ခုရှိပြီး မဆောင်ရွက်နိုင်သေးသည့် ကျောင်း/ရုံးများလည်းရှိပါကြောင်း၊ ဒုတိယအများဆုံး မန္တလေးတိုင်းဒေသကြီးတွင်ဖြစ်ပါကြောင်း၊ လူငယ်များ အသိပညာပေးရေးကို ပြန်ကြားရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မျိုးဆက်သစ်လူငယ်များအတွက် De-radicalization ကို ရေရှည်လုပ်ငန်းစဉ် အနေဖြင့် ချမှတ်ဆောင်ရွက်သင့်သည်ဟု အကြံပြုတင်ပြလိုပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

၂၉။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာ ကိုကိုနိုင်က သဘာဝဘေးအန္တရာယ်များ၊ အကြမ်းဖက်မှုအပါအဝင် အခြားသော ဘေးအန္တရာယ်များကြောင့် လူထိခိုက်မှုများကို ထောက်ပံ့ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုတွင် အိမ်ထောင်စုပေါင်း ၃၅၀၀၀ ကျော်၊ လူဦးရေပေါင်း ၂၅၀၀၀၀ ကျော်တို့အတွက် ဆန်၊ ရိက္ခာ၊ အိမ်ဆောက်ပစ္စည်း၊ သေဆုံး/ဒဏ်ရာရသူများအတွက် ကျပ်သန်း ၁၀၇၂.၆၀၃ ထောက်ပံ့ခဲ့ပါကြောင်း၊ ကိုယ်ဝန်ဆောင်၊ ၅ နှစ်အောက်ကလေး၊ အသက် ၇၀ နှင့်အထက် သက်ကြီးများ သီးခြားထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ အကြမ်းဖက်မှုကြောင့် မိဘများသေဆုံးပြီး ကျန်ရှိသည့် ကလေးငယ်များကို စားသောက်စရိတ်၊ အဝတ်အစား၊ နေထိုင်ရန်၊ ဆေးကုသရန်၊ ပညာဆက်လက်သင်ကြားရန် စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း၊ ဝန်ကြီးဌာနပိုင် အဆောက်အဦ၊ လမ်း၊ ပစ္စည်း၊ စာရွက်စာတမ်းလုံခြုံရေးများ ဂရုပြုရန် မှာကြားဆောင်ရွက်နေပါ ကြောင်း၊ ဗဟိုအဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေး တင်ပြခဲ့ပါသည်။

၃၀။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာထွန်းက မြန်မာ့ စီးပွားရေးဘဏ်အနေဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ညွှန်ကြားချက်နှင့်အညီ ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူများအပေါ် အလေးထားစိစစ်ခြင်း၊ Customer Information ရယူခြင်း၊ ဆုံးရှုံးနိုင်ခြေအဆင့်အတန်း သတ်မှတ်ခြင်းတို့ကို စနစ်တကျဆောင်ရွက်ပါကြောင်း၊ ငွေကြေး ခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သည်ဟု သံသယရှိမှုများကို Black List နှင့် တိုက်ဆိုင်စစ်ဆေးပြီးမှ ဆောင်ရွက်ပါကြောင်း၊ CTR နှင့် STR ပေးပို့ခြင်းကိုလည်း ဆောင်ရွက်ပါ ကြောင်း၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် ချမှတ်ထားသည့် မဟာဗျူဟာနယ်ပယ် ၃ တွင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားမဝင်ငွေကြေးလွှဲပြောင်းမှု များကို ဘဏ်မှတစ်ဆင့် ဆောင်ရွက်နိုင်ခြင်းမရှိစေရန် ကန့်သတ်ပိတ်ပင်ထားသည့်စာရင်းများကို Manual ဖြင့်လည်းကောင်း၊ Customer Software ဖြင့်လည်းကောင်း စိစစ်ကာကွယ်တားဆီး လျက်ရှိပါကြောင်း၊ အကြမ်းဖက်သမားများကို ငွေကြေးထောက်ပံ့မှုများ တားဆီးကာကွယ်ခြင်း ဆောင်ရွက်နေပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

၃၁။ ဥပဒေရေးရာဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နိုင်က မြန်မာနိုင်ငံသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ၁၈ ခုအနက် ၁၅ ခုအား လက်မှတ်ရေးထိုးဝင်ရောက်ထားပြီး အဆိုပါကွန်ဗင်းရှင်းများနှင့်အညီ အကြမ်းဖက်မှု

တိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါကြောင်း၊ အရေးကြီးဆုံးဖြစ်သည့် Financing of Terrorism တိုက်ဖျက်ရေးနည်းဥပဒေကို ဦးစွာ ထုတ်ပြန်ခဲ့ပါကြောင်း၊ နည်းဥပဒေအတည်ပြုနိုင်ရေး ဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ အကြမ်းဖက်မှုများ မဖြစ်ပွားစေရန် ငွေကြေးထောက်ပံ့မှုကို ဖြတ်တောက်ရန် အရေးကြီးဆုံးဖြစ်ပါကြောင်း၊ သို့သော် ပြည်တွင်းငွေလွှဲမှုစနစ်များ များပြားလာသည့်အတွက် ထိန်းချုပ်ရန်လိုအပ်ပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

၃၂။ သတင်းရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ် ကျော်သီဟက အကြမ်းဖက်အုပ်စုမှ တီထွင်ထားသည့် PDF Game များ အသုံးပြုနေမှုများသည် အကြမ်းဖက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရေး ဆောင်ရွက်ထားခြင်းဖြစ်ပါကြောင်း၊ လူငယ်လူရွယ်များအား နိုင်ငံတော်နှင့် အစိုးရအပေါ် အထင်အမြင်လွဲမှားစေပြီး အကြမ်းဖက်တော်လှန်လိုစိတ် မြင့်မားစေရန် အသုံးချနေခြင်းဖြစ်ပါကြောင်း၊ ထို Game များ ဆော့ကစားခြင်းဖြင့် ငွေကြေးအထောက်အပံ့များလည်း ရရှိနေပါကြောင်း၊ ထို Game များ တိုက်ဖျက်ရေးအတွက် အသိပညာပေးခြင်း၊ Game များတွင် အခကြေးငွေပေးပြီး ထည့်သွင်းသည့် လုပ်ငန်းကြော်ငြာများကို ဖော်ထုတ်အရေးယူသင့်ပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

**လုပ်ငန်းကော်မတီများမှ ဆွေးနွေးတင်ပြခြင်း**

၃၃။ အကြမ်းဖက်မှုများ တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်က ဗဟိုအဖွဲ့ အဖွဲ့ဝင်တာဝန်အပြင် တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် လုပ်ငန်းအဖွဲ့ ၆ ခုကိုပါ တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင်ဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၂၁) တွင် မြို့နယ်/ရပ်ကျေးအဆင့်များ အုပ်ချုပ်ရေးယန္တရားတောင့်တင်းခိုင်မာအောင် ဆောင်ရွက်ရန်၊ အကြမ်းဖက်မှုဖြစ်စဉ်များအား အထောက်အထားအချက်အလက်များ စနစ်တကျ ပြည့်စုံစွာ နယ်မြေအလိုက် ပြုစုထားရှိရန်၊ အင်တာနက်မှ သတင်းမှားထုတ်လွှင့်ဝါဒဖြန့်မှုများ တုံ့ပြန်နိုင်ရေးကို မြို့နယ်/ ခရိုင်/ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ချက်ချင်းဆောင်ရွက်နိုင်ရန် စသည့် အချက် ၃ ချက်ကို မိမိတင်ပြခဲ့ပါကြောင်း၊ လက်ရှိအချိန်တွင် သတင်းလက်ဦးမှုရယူသည့်အပိုင်းနှင့် သတင်းမှားများ ပိတ်ဆို့တားဆီးချေဖျက်ရမည့်အပိုင်းတွင် လိုအပ်နေသေးပါကြောင်း၊ ယခုတင်ပြလိုသည်မှာ ရပ်/ကျေးအဆင့်တွင် ဖြစ်နေသောအခြေအနေမှန်၊ ဖြစ်ရပ်မှန်တွေကို အချိန်နှင့်တစ်ပြေးညီ သိရှိထိတွေ့ပူးပေါင်းဆောင်ရွက်နိုင်သော အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးအဖွဲ့ အဆင့်ဆင့် ရပ်/ကျေး၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဖွဲ့စည်းရန် လိုအပ်ပါကြောင်း၊ ထိုအဖွဲ့တွင် ပြည်သူ့လုံခြုံရေးအဖွဲ့များလည်း

ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ပါကြောင်း၊ အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးတွင် ငွေကြေးနှင့် ပတ်သက်၍ စိစစ်ရေးအဖွဲ့များကို တိုင်းဒေသကြီး/ပြည်နယ်မှ ဒုတိယရဲတပ်ဖွဲ့မှူးများ တာဝန် ပေးထားပါကြောင်း၊ ဒုတိယအချက်အနေဖြင့် သတင်းရယူမှုနှင့် ကြိုတင်ကာကွယ်ရေးတွင် ထိုက်တန်သည့်ဆုငွေ ချီးမြှင့်ပြီး အမာခံများ မွေးမြူအသုံးပြုနိုင်ရေး အလေးထားဆောင်ရွက် သင့်ပါကြောင်း၊ ရန်ပုံငွေ ထူထောင်ရရှိပြီးဖြစ်သော်လည်း တိုင်းဒေသကြီး/ ပြည်နယ်များမှ တောင်းခံမှု အလွန်နည်းပါးလျက်ရှိနေပါကြောင်း၊ ဤအချက်မှာ ဆုငွေချီးမြှင့်နိုင်လောက်သည့် ထိုက်တန်သည့် ဆောင်ရွက်ချက်မရှိသေးဟု သုံးသပ်ရပါကြောင်း၊ ရရှိထားသည့် တစ်နှစ်စာ ရန်ပုံငွေနှင့် တစ်နှစ်အတွင်း တင်ပြတောင်းခံမှုသည် အလွန်ကွာခြား နည်းပါးနေပါကြောင်း၊ အမာခံသတင်းပေးများ ထိရောက်သေချာအောင် မွေးမြူပြီး ထိုက်တန်သည့် ဆုကြေးငွေများ ထုတ်ယူကြရန် လိုအပ်ပါကြောင်း၊ အကြမ်းဖက်မှုကို ပြည်သူအချင်းချင်း တားဆီးနိုင်သည့်ပုံစံ ပြောင်းလဲကျင့်သုံးနိုင်အောင် ဆောင်ရွက်သင့်ပါကြောင်း၊ ချောင်းမြောင်းပစ်ခတ်မှု၊ ဒလန်ရှင်းလင်း သတ်ဖြတ်မှုမှ ၁၀၇ မမ ရှေ့တိုက်ဒုံးဖြင့် ပစ်ခတ်သည်အထိ အကြမ်းဖက်မှုများ တိုးမြင့်လာ ပါကြောင်း၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီအောက်ရှိ လုပ်ငန်းအဖွဲ့ ၆ ခုတွင် ဥပဒေရေးရာ နှင့် တရားစွဲဆိုရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူးကို ယခင် ရဲဦးစီးအရာရှိချုပ်အား တာဝန်ပေး ထားရာ ယခုဖွဲ့စည်းပြီးဖြစ်သော မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး၊ ဌာနကြီးမှူးကို ပြောင်းလဲတာဝန် ပေးသင့်ပါကြောင်း၊ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့်တိုက်ဖျက်ရေးရန်ပုံငွေ ကြီးကြပ် ထိန်းသိမ်းရေးအဖွဲ့ဥက္ကဋ္ဌ၏တင်ပြချက်အရ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် အား အဖွဲ့ဝင်အဖြစ် ပြောင်းလဲ၍ ဥက္ကဋ္ဌတာဝန်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒုတိယရဲချုပ်(၁)အား တာဝန်ပေးဖွဲ့စည်းရန် အကြံပြုတင်ပြလိုပါကြောင်းနှင့် လုပ်ငန်းအဖွဲ့များအလိုက် အကောင်အထည် ဖော်ဆောင်ရွက်နိုင်မှုများကို အသေးစိတ် ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက် တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် အစွန်းရောက်မှုများ တားဆီးကာကွယ် ရေး လုပ်ငန်းစီမံချက်များကို လက်ရှိအခြေအနေနှင့်ကိုက်ညီအောင် ပြင်ဆင်ရေးဆွဲ၍ အကောင် အထည်ဖော်ဆောင်ရွက်မှုများ ပိုမို မြှင့်တင်ဆောင်ရွက်သွားသင့်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ ပါသည်။

၃၄။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်က အကြမ်းဖက်မှုနှင့်စပ်လျဉ်းသည့် သတင်းများကို ကုလသမဂ္ဂနှင့် ဒေသတွင်းအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ မိတ်ဖက်အဖွဲ့အစည်း များနှင့် သံရုံးများ၊ ဒေသတွင်းနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများသို့ ဖလှယ်ပေးပို့လျှက်ရှိပါကြောင်း၊

ထို့ပြင် နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်များ၊ ကာကွယ်ရေးဝန်ကြီးဌာနက ပေးပို့သည့် Information Sheet များ၊ ဌာနဆိုင်ရာများက ပေးပို့လာသည့် ဆောင်းပါး၊ စာစောင်များကိုလည်း ပြည်ပရှိ မြန်မာအဖွဲ့ရုံး၊ သံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများသို့ နေ့စဉ်/ အပတ်စဉ်ဖြန့်ဝေပြီး သက်ဆိုင်ရာ နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့များ သိရှိအောင် ဆောင်ရွက်ပေးလျက်ရှိနေပါကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ Website နှင့် Facebook များတွင်လည်း အချိန်နှင့်တစ်ပြေးညီ ဖော်ပြလျက်ရှိပါကြောင်း၊ ပြည်ပတွင်ရှိသော မြန်မာသံရုံးများမှ အကြီးအကဲများ၊ သက်ဆိုင်ရာနိုင်ငံ၏ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ်တွင်လည်းကောင်း၊ နိုင်ငံခြားသံတမန်များနှင့် တွေ့ဆုံစဉ်တွင်လည်းကောင်း၊ အစည်းအဝေးနှင့်အခမ်းအနားများတွင်လည်းကောင်း အကြမ်းဖက်မှုဆိုင်ရာ ဖြစ်စဉ်အခြေအနေများ ရှင်းလင်းပြောကြားနိုင်ရန် ၄-၁၂-၂၀၂၂ ရက်နေ့တွင် ညွှန်ကြားချက်ထပ်မံပေးပို့ထားပါကြောင်း၊ ၎င်းတို့၏ ဆောင်ရွက်ချက်ကိုလည်း ပြန်လည်တင်ပြစေလျက်ရှိပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနက လစဉ်ပေးပို့လျက်ရှိ သည့် အကြမ်းဖက်အုပ်စု CRPH, NUG ယင်း၏လက်အောက်ခံ PDFs များ ကျူးလွန်သည့် အကြမ်းဖက်မှုခင်းဖြစ်စဉ်များကို နယူးယောက်မြို့တွင်ရှိသော UNCTED, အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာဆီယံအကြမ်းဖက်မှုတိုက်ဖျက်ရေး အတွင်းရေးမှူးရုံး၊ ပြည်တွင်းရှိ နိုင်ငံခြားသံရုံးများ၊ နိုင်ငံတကာသံရုံးများသို့ လစဉ်ပေးပို့လျက်ရှိပါကြောင်း၊ အကြမ်းဖက်အုပ်စုအနေဖြင့် ပြည်ပနိုင်ငံများတွင် ရန်ပုံငွေရှာဖွေမှုများမပြုလုပ်နိုင်ရန် သိရှိပါကလည်း တားဆီးပေးရန် ကန့်ကွက်လျက်ရှိပါကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတို့၏ ယခုရက်ပိုင်း ထိုင်းနိုင်ငံခရီးစဉ်တွင် နောက်ဆုံးဖြစ်ပေါ်နေသော အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကို Video Clip ၊ စာအုပ်များ ပြုစု၍ ရှင်းလင်းတင်ပြခဲ့ပါကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

၃၅။ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများတားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ် မျိုးသူစိုးက အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၏ ငွေကြေးစီးဆင်းမှုအား ဖြတ်တောက်နိုင်ရန် ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ Mobile ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ တရားမဝင် ငွေလွှဲလုပ်ငန်းများသည် အကြမ်းဖက်သမားများ အတွက် အဓိကငွေကြေးထောက်ပံ့မှု ပလက်ဖောင်းအဖြစ် အသုံးချနေပါကြောင်း၊ ဒုတိယအချက်မှာ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများအား ဥပဒေအရ အရေးယူတားဆီးထိန်းချုပ်လျက်

ရှိပါကြောင်း၊ ၄-၈-၂၀၂၁ ရက်နေ့မှ ၉-၁၂-၂၀၂၂ ရက်နေ့အထိ ငွေစာရင်းပေါင်း ၁၈၀၀၀ ကျော် စစ်ဆေးထိန်းချုပ်ခဲ့ပါကြောင်း၊ အကြမ်းဖက်မှုဥပဒေနှင့် ဆက်လက်အရေးယူနိုင်ရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ ပေးပို့ခဲ့ပါကြောင်း၊ တတိယအချက်မှာ လူအမြောက်အမြားသေစေနိုင်သည့် လက်နက်များ မပြန့်ပွားရေးနှင့်စပ်လျဉ်းပြီး ငွေကြေးဆိုင်ရာ ပစ်မှတ်ထား အရေးယူဒဏ်ခတ်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ တိုးတက်ဆောင်ရွက်မှုကို ပြသရန် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆ (ဠ) အရ ပိုမိုပြည့်စုံသည့် လုပ်ထုံးလုပ်နည်းများပါဝင်သော အမိန့်တစ်စောင်ကို ထုတ်ပြန်ရန် လိုအပ်ပါကြောင်း၊ တာဝန်ခံဌာန၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီးအနေဖြင့် ဥပဒေရေးရာဝန်ကြီးဌာန၊ ငွေကြေးစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သို့ တင်ပြဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

**အထူးဖိတ်ကြားထားသူများက ဆွေးနွေးတင်ပြခြင်း**

၃၆။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာထွန်းက အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေ ကြီးကြပ်ထိန်းသိမ်းရေးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါကြောင်း၊ ရန်ပုံငွေဆိုင်ရာဘဏ္ဍာရေးစည်းမျဉ်းကိုရေးဆွဲခဲ့ပြီး အစိုးရအဖွဲ့အစည်းအဝေးတွင်လည်း အတည်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးစည်းမျဉ်း အခန်း ၃ ၊ အပိုဒ် ၄၊ အပိုဒ်ခွဲ(က) တွင် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေမှ ထောက်ပံ့ငွေ နှစ်စဉ် ကျပ်သန်း ၅၀၀ ဟု ဖော်ပြထားပါကြောင်း၊ ၂၀၂၂-၂၀၂၃ ဖြည့်စွက်ရန်ပုံငွေတွင် ကျပ်သန်း ၅၀၀ ရရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ရသုံးဦးစီးဌာနအနေဖြင့် ဘဏ္ဍာရေးစည်းမျဉ်း လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ လိုအပ်သည်များကို ကူညီပံ့ပိုးသွားမည်ဖြစ်ပါကြောင်း၊ ရန်ပုံငွေသုံးစွဲသည့် လုပ်ငန်းအဆင့်ဆင့်သည် ဗဟိုအဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာနမှဖြစ်ပါ၍ ငွေစာရင်းလုပ်ငန်း Accounting, Auditing တို့သည် ဝန်ကြီးဌာနမှ ဆောင်ရွက်ရမည်ဖြစ်၍ ဥက္ကဋ္ဌ တစ်ဦးဦးကို ပြောင်းလဲခန့်အပ်ပေးပါရန်နှင့် မိမိအနေဖြင့် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်လိုပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

၃၇။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး၊ ဌာနကြီးမှူး ရဲမှူးချုပ် ကျော်လင်းက ၁-၂-၂၀၂၁ ရက်နေ့မှ ၁၉-၁၂-၂၀၂၂ ရက်နေ့အထိ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူခဲ့ရသည့်အမှုပေါင်း ၁၇၈၂၅ မှုရှိပါကြောင်း၊ ၇၄၀၂ မှု စွဲတင်နိုင်ပြီး ၁၀၁၅၅ မှု ရဲစစ်ဆေးဆဲဖြစ်ပါကြောင်း၊ တရားရုံးစစ်ဆေးဆဲ ၄၃၃၂ မှုဖြစ်ပါကြောင်း၊ အမှုကြန့်ကြာမှုများသည် တရားခံမပေါ်သည့်အတွက်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့များအနေဖြင့် တရားခံ

မဖမ်းနိုင်သေးပါက သတင်းအချက်အလက်အပေါ် အခြေခံ၍ တရားခံပြေးဖြင့် စွဲတင်ထားရန် ဖြစ်ပါကြောင်း၊ အကြမ်းဖက်မှုနှင့်ပတ်သက်၍ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကို ထိန်းချုပ်မိန့်ချမှတ်ပေးမှု ၆၇၈ မှုရှိပါကြောင်း၊ နိုင်ငံဘဏ္ဍာသိမ်းဆည်းမှုများ အယူခံပြင်ဆင်ရက် ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ဆုံး စီမံခန့်ခွဲရန်လိုအပ်ပါကြောင်း၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအမှတ် (၁၇/၂၀၁၇) အရ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အဆင့်က စီမံခန့်ခွဲရပါကြောင်း၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကို တရားရုံးအဆင့်ဆင့်မှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်ပြပြီး ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သို့ တင်ပြကာ အမြန်ဆုံး စီမံခန့်ခွဲရန်လိုပါကြောင်း၊ အချို့အမှုများတွင် ထိန်းချုပ်မိန့်များ တောင်းခံလာသည့်အချိန် တရားရုံးက အမှုနှင့်ပတ်သက်၍ အမိန့်ချပြီးဖြစ်သည်ကို တွေ့ရပါကြောင်း၊ တရားခံပြေးနေသည့်အမှုများတွင် ပစ္စည်းနှင့်ပတ်သက်၍ စီမံခန့်ခွဲမိန့်ချမှတ်နိုင်ခြင်းမရှိသေးပါကြောင်း၊ မည်သို့ပြုလုပ်ရမည်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ စာရင်း(ခ) ထုတ်ပြန်ညွှန်ကြားထားပါကြောင်း၊ ထိန်းချုပ်မိန့်များထုတ်ပြန်ရာတွင် အချို့မြေနှင့် တိုက်များ ဘဏ်တွင်အပေါင်ထားသည်များရှိပါကြောင်း၊ လက်ရှိ မြန်မာသူရကုမ္ပဏီမှ သိမ်းဆည်းထားမှုများနှင့်ပတ်သက်၍ စိစစ်တွေ့ရှိချက်များကို နမူနာယူ၍ ဥပဒေနှင့်အညီ နားလည်သိရှိဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများတားဆီးနှိမ်နင်းရေးနည်းဥပဒေပုဒ်မ ၅၄၊ ၅၅ တို့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၆၅ ကို ကျော်လွန်၍ ခွင့်ပြုပေးထားသည်ကို တွေ့ရှိရပါသဖြင့် နည်းဥပဒေပြင်ဆင်ရေးကိုလည်း ဆောင်ရွက်သင့်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များအနေဖြင့် အကြမ်းဖက်အမှုများ ရေးဖွင့်သည့်အခါ Bank Account များတွင် ငွေမည်မျှကျန်သည်ကို စိစစ်နိုင်စေရန် တင်ပြတောင်းခံရန် လိုအပ်ပါကြောင်း၊ ဗဟိုအဖွဲ့က ထိန်းချုပ်မိန့်ထုတ်ပေးပြီး တရားစွဲတင်သည့်အခါ တင်ပြနိုင်မှသာလျှင် နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်မည်ဖြစ်ပါကြောင်း၊ ထိုအချက်ကို အလေးထားဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

၃၈။ ဥပဒေရေးရာဝန်ကြီးဌာန၊ တရားစွဲနှင့် အမှုအလိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဇော်မင်းက ခရိုင်ဥပဒေရုံး၊ မြို့နယ်ဥပဒေရုံးများတွင် တရားမစွဲတင်မီ ဥပဒေအကြံပြုချက်တောင်းခံမှုများနှင့်ပတ်သက်၍ စိစစ်ကြီးကြပ်ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ တရားခံများကို အမှုတစ်ခုတည်းတွင် ပူးတွဲစွဲဆိုခြင်း၊ မပြုလုပ်နိုင်သော အခြေအနေများ၊ သီးခြားတရားစွဲမည့်အခြေအနေများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀ (ည) နှင့် အရေးယူသည့်အမှုများ၏ လိုအပ်ချက်များ၊ ငွေကြေးလွှဲပြောင်းမှုများ၊ ငွေကြေးကောက်ခံစုဆောင်းမှုများ

ကြောင့် အမှုဖွင့်အရေးယူသည့်အမှုများတွင် ရဲစစ်ဆေးချက်၊ အထောက်အထားလိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြပါသည်။ ဆက်လက်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် တရားစွဲဆိုရန် Sanction ထုတ်ပေးသည့် ကြိုတင်ခွင့်ပြုမိန့်ပုံစံများ တစ်ပုံစံတည်း တူညီကြမည်ဆိုပါက ပိုမိုကောင်းမွန်မည်ဖြစ်ပါကြောင်း၊ ပုဒ်မကို ထည့်သွင်းဖော်ပြ၍ တရားစွဲဆိုခွင့်ပြုခဲ့သည့် Sanction ထုတ်ပေးမှုများသည် ၎င်းပုဒ်မနှင့် ပြစ်မှုမမြောက်ပါက အခြားပုဒ်မဖြင့် ပြစ်ဒဏ်ချ၍ မရသည့်အတွက် ထည့်သွင်းရေးသားရန် မသင့်ပါကြောင်း၊ အကြမ်းဖက်သမားများပိုင်ဆိုင်သည့် ပစ္စည်းများနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် ၂ ရပ်ရှိပါကြောင်း၊ သိမ်းဆည်းပြီး တရားရုံးသို့ တင်ပြခြင်းနှင့် တရားရုံးက စီမံခန့်ခွဲခြင်း၊ ဝရမ်းကပ်ပြီး သိမ်းဆည်းခြင်းအပိုင်းတို့သည် ရောထွေး၍ မရပါ ကြောင်း၊ ကျင့်ထုံးပုဒ်မ ၈၈ အရ စီမံခန့်ခွဲခြင်းသည် သင့်လျော်ကောင်းမွန်မှုရှိ/မရှိ မိမိတို့ အချင်းချင်း အပြန်အလှန် ဆွေးနွေးသုံးသပ်ရန် လိုအပ်ပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

၃၉။ မှုခင်းရဲတပ်ဖွဲ့မှ ရဲမှူးကြီး ညွန့်ဝေက အကြမ်းဖက်မှုနှင့်ပတ်သက်၍ မှုခင်းရဲတပ်ဖွဲ့၊ နည်းပညာမှုခင်းဌာနအနေဖြင့် Bank Account ပိတ်သိမ်းမှု ၂၇၅ ဦး၊ အကြမ်းဖက်အားပေး Facebook Account ၁၅၈၀ ခု၊ အကြမ်းဖက်ထောက်ပံ့သည့် Facebook Account ၂၄၀ ခု၊ ပြစ်မှုပုဒ်မ ၅၀၅ နှင့်ပတ်သက်သော Facebook Account ၁၀၇၁ ခု၊ ဈေးငွေ Bank Account ၆၁ ခု၊ Application ၈ ခု၊ PDF Game Domain ၂ ခု၊ PDF Game ကြော်ငြာ ၇ ခုတို့ ပိတ်သိမ်းမှုရှိခဲ့ပါကြောင်း၊ နည်းပညာဆိုင်ရာ ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်မှုများနှင့် အဆင့်မြင့်နည်းပညာပစ္စည်းများ ဝယ်ယူရန်လိုအပ်နေမှုများ၊ ငွေလွှဲဆောင်ရွက်နေသည့် အဖွဲ့အစည်းများအနက် အကြမ်းဖက်လှုပ်ရှားမှု အသုံးများသော Pay များ၊ ပြစ်မှုကျူးလွန်သူများသည် မှတ်ပုံတင်များ အခကြေးငွေယူပြီး ငှားရမ်းအသုံးပြုမှုများရှိနေပါကြောင်း၊ Mobile SIM Card မှတ်ပုံတင်နှင့် Bank Payment များကို E-Office ပုံစံဖြင့် တစ်ပြေးညီတူညီရန် လိုအပ်ပါကြောင်း၊ Website အတု၊ Page အတု၊ Viber အတုများနှင့် ပေါ်ပေါက်လာသော အမှုများစွာရှိပါကြောင်း၊ Payment များဆောင်ရွက်ရာတွင် Agent များရှိပါကြောင်း၊ လမ်းဘေးအတည်တကျမရှိသည့် Agent များကြောင့် စုံစမ်းဖော်ထုတ်မှု အခက်အခဲများရှိပါကြောင်း၊ User Information ရရှိသော်လည်း အသုံးပြုသူ၏ ဖုန်းနံပါတ်ကို စစ်သည့်အခါ မှတ်ပုံတင်အချက်အလက်များ လွဲမှားနေ၍ ဆောင်ရွက်၍မရပါကြောင်း၊ Viber, Telegram, TikTok များသည် ဖုန်းနံပါတ်များဖြင့် ဖွင့်လှစ်နိုင်သည့် Application များဖြစ်ပါကြောင်း၊ ၎င်းတို့ကို အသုံးပြုပြီး အကြမ်းဖက်မှုကို အားပေးနေသည့် အထောက်အထားများရှိပါကြောင်း၊ ဖုန်းနံပါတ်များကို မပိတ်သိမ်းနိုင်ပါက တားဆီးနှိမ်နင်းရန် အခက်အခဲရှိပါကြောင်း၊ ဤသို့ အကြမ်းဖက်

ဆောင်ရွက်နေမှုများအတွက် နိုင်ငံခြားကုမ္ပဏီများဖြစ်သည့် Google, Play store နှင့် နည်းပညာကုမ္ပဏီများသို့ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ကန့်ကွက်စာများပေးပို့သင့်သည်ဟု အကြံပြုတင်ပြလိုပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

**တိုင်းဒေသကြီး/ ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ၏ တင်ပြချက်များ**

၄၀။ နေပြည်တော်ကောင်စီ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ကိုယ်စား နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကိုကိုလွင်က အကြမ်းဖက်မှုတိုက်ဖျက်ရေးအဖွဲ့၏ လုပ်ငန်းတာဝန် (၉) ရပ်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော်နယ်မြေတွင် ဖြစ်ပွားသည့် အကြမ်းဖက်မှုပုံစံများနှင့် တားဆီးနှိမ်နင်းရေးဆောင်ရွက်မှုများ၊ ၂၀၂၃ ခုနှစ်ကာလ အထွေထွေရွေးကောက်ပွဲတွင် နည်းလမ်းမျိုးစုံဖြင့် အကြမ်းဖက်မှုများ ပြုလုပ်လာနိုင်ဖွယ်ရှိပါကြောင်းနှင့် ကြိုတင်ကာကွယ်ရေးနှင့် ပြည်သူလူထုပူးပေါင်း ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြခဲ့ပါသည်။

၄၁။ ကချင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်ကြည်လင်း က ၂၀၂၂ ခုနှစ်အတွင်း ကချင်ပြည်နယ်တွင် အကြမ်းဖက်မှုဥပဒေဖြင့် အရေးယူခဲ့သည့်အမှုများ၊ တားဆီးနှိမ်နင်းရေးဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြပါသည်။ ၂၀၂၃ ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲနှင့် နိုင်ငံတည်ငြိမ်ရေးကို နှောင့်ယှက်ဖျက်ဆီးရန် အကြမ်းဖက်မှုများ ပြုလုပ်လာနိုင်ပါကြောင်း၊ ကချင်သောင်းကျန်းသူ KIA ဌာနချုပ်တွင် အခြေပြုသည့် အကြမ်းဖက်သမား PDF များ သင်တန်းပေးခြင်း၊ လိုက်ဇာရှိစက်ရုံမှ လက်နက်များ လွတ်လပ်စွာဝယ်ယူခွင့်ရရှိနေပြီး မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများသို့ ပို့ဆောင်ခြင်းများပြုလုပ်နေသဖြင့် သတင်းရယူဖော်ထုတ်တိုက်ဖျက်လျှက်ရှိပါကြောင်း၊ အကြမ်းဖက်သမားများ၏ ဓါတ်ပုံများရယူ၍ မြို့ဝင်/ထွက်စစ်ဆေးရေးဂိတ်များတွင် နည်းပညာအသုံးပြုစစ်ဆေးခြင်းများ ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

၄၂။ ကယားပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မြင့်ဝေ က ကယားပြည်နယ်တွင် ၂၀၂၂ ခုနှစ်အတွင်း အကြမ်းဖက်မှုဥပဒေဖြင့် အမှုဖွင့်ထားသည့် အမှု ၅၀၄ မှု၊ တရားခံ ၅၅၇ ဦး ရှိပါကြောင်း၊ အမှုများအရေးယူဆောင်ရွက်မှု၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် ကြိုတင်ကာကွယ်ရေးနှင့် တားဆီးနှိမ်နင်းရေးဆောင်ရွက်ခဲ့မှုများ၊ သတင်းမှန်ပြန်ကြားရေးဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြပါသည်။ ၂၀၂၃ ခုနှစ်အတွင်း အကြမ်းဖက်သမားအုပ်စုများနှင့် ဒေသခံလက်နက်ကိုင်သောင်းကျန်းသူများ ပူးပေါင်း၍ တိုက်ခိုက်မှုများ၊ မိုင်းခွဲဖျက်ဆီးမှုများ

ပြုလုပ်လာနိုင်ပါကြောင်း၊ ကယားပြည်နယ်သည် ပထဝီအနေအထား တောတောင်ထူထပ်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းကြောင့် အကြမ်းဖက်သမားများတိုက်ဖျက်ချေမှုန်းရေးအတွက် အခက်အခဲရှိပါကြောင်း၊ လမ်းပန်းဆက်သွယ်မှုတွင် လေကြောင်းခရီးကိုသာ အသုံးပြုနေရသဖြင့် ကန့်သတ်ချက်များရှိပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

၄၃။ ကရင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်က ကရင်ပြည်နယ်အတွင်း ၂၀၂၂ ခုနှစ်အတွင်း ဆူပူဆန္ဒပြမှုများမရှိသော်လည်း PDF အကြမ်းဖက်အဖွဲ့အစည်းများနှင့် အဖွဲ့ဝင်များမှ အစိုးရပိုင်ရုံးများနှင့် စာသင်ကျောင်းများအား ဗုံးခွဲတိုက်ခိုက်ခဲ့ပြီး အစိုးရဝန်ထမ်းများနှင့် ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများ၏ အသက်အန္တရာယ်များကို ခြိမ်းခြောက်မှုများ၊ ဘဏ်များနှင့် ရဲတပ်ရင်းများ၊ ရဲကင်းများကို ပစ်မှတ်တိုက်မှုများ၊ Drone များဖြင့် ဗုံးကြဲတိုက်ခိုက်မှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကရင်ပြည်နယ်အတွင်း သွားလာရခက်ခဲသည့် နေရာများတွင် အကြမ်းဖက်သမားများမှ အလစ်ငိုက်ဝင်ရောက်တိုက်ခိုက်ခြင်း၊ အလွယ်တကူ ထွက်ပြေးတိမ်းရှောင်ခြင်း၊ အပြီးသတ်ချေမှုန်းရန် ခက်ခဲခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် တိုင်းရင်းသားဘာသာစကား ကျွမ်းကျင်မှုမရှိခြင်း၊ အချို့ဒေသများတွင် ငြိမ်းချမ်းရေးရယူထားသော်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဝင်ထွက်သွားလာမှုများကြောင့် အကြမ်းဖက်တိုက်ခိုက်မှု မှုခင်းများ ဖော်ထုတ်နိုင်ရေးအတွက် အခက်အခဲများလည်းရှိပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

၄၄။ ချင်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ဝင်းက ချင်းပြည်နယ်အနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ကို ဥက္ကဋ္ဌ၊ အဖွဲ့ဝင်နှင့် အတွင်းရေးမှူး စုစုပေါင်း ၁၄ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ချင်းပြည်နယ်တွင် ၂၀၂၁ ခုနှစ်အတွင်းနှင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၂၁ ရက်နေ့အထိ အကြမ်းဖက်မှု ၁၄၅ မှု အမှုဖွင့်လှစ်ခဲ့ပြီး၊ တရားခံ ကျား ၆၈ ဦး၊ မ ၆ ဦး စုစုပေါင်း ၇၄ ဦး အား ဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူ ဆောင်ရွက်ခဲ့ပါကြောင်း၊ အကြမ်းဖက်လုပ်ရပ်များ ကာကွယ်တားဆီးနိုင်ရေးအတွက် ဌာနဆိုင်ရာ ရုံးများအနေဖြင့် လုံခြုံရေးအသိ/ လုံခြုံရေးသတိရှိရေး၊ ဝင်/ထွက်မှု မှတ်တမ်းများထားရေး၊ CCTV များတပ်ဆင်ထားရှိရန် ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် ညွှန်ကြားကြပ်မတ်လျက်ရှိပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် အကြမ်းဖက်သမားများ၏ ရန်ကို ကြောက်ရွံ့ပြီးအပြည့်အဝ ပူးပေါင်းဆောင်ရွက်နိုင်မှုမရှိခြင်း၊ သတင်းရရှိရေးအတွက် ကျေးရွာများသို့ သွားရောက်နိုင်မှုမရှိခြင်း၊ ဆက်သွယ်ရေးလိုင်းများ ကောင်းမွန်မှုမရှိခြင်း၊ ဖြစ်စဉ်များနှင့်ပတ်သက်၍ ဒေသခံ

များအနေဖြင့် သက်သေထွက်ဆိုလိုမှု မရှိခြင်း စသည့် အခက်အခဲများ ကြုံတွေ့ရပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

၄၅။ စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုး က ၁-၂-၂၀၂၁ ရက်နေ့မှ ၂၀-၁၂-၂၀၂၂ ရက်နေ့အထိ အကြမ်းဖက်မှုဖြင့် အမှုပေါင်း ၂၃၈၆ ဦး၊ ကျား ၃၉၆၃ ဦး၊ မ ၂၈၅ ဦး၊ စုစုပေါင်း ၄၂၄၈ ဦး အား အရေးယူဖမ်းဆီးခဲ့ပါကြောင်း၊ အကြမ်းဖက်အဖွဲ့များထံမှ စိန်ပြောင်း/လောင်ချာ ၄ လက်၊ စက်သေနတ်/ မောင်းပြန်ရိုင်ဖယ် ၃၃ လက်၊ ပစ္စတို ၅၂ လက်၊ ပြောင်းချော ၃ လက် ၊ တူးမီး/လက်လုပ်စိန်ပြောင်း/ လက်လုပ်သေနတ် ၁၈၀၂ လက်၊ လေ/ဂက်(စ်)သေနတ် ၁၅၀ လက် ၊ စုစုပေါင်း ၂၀၄၄ လက် သိမ်းဆည်းရမိခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ်၌ အကြမ်းဖက်အဖွဲ့အသီးသီးသည် အကြမ်းဖက်အဖွဲ့ငယ်များအနေအထားမှ အဖွဲ့ကြီးတစ်ခုအဖြစ် ပြောင်းလဲဆောင်ရွက်လာနိုင်ပြီး အင်တာနက်လူမှုကွန်ရက်များကို အသုံးပြု၍အတွေးအမြင်သစ်များဖြင့် စည်းရုံးလှုပ်ရှားမှုများ၊ အဖွဲ့ဝင်သစ်များ၊လူသစ်များစုဆောင်းခြင်း၊ တော်လှန်ရေးဝါဒီများ အစွန်းရောက်ဝါဒ ထောက်ခံသူများ၏ အင်တာနက်လူမှုမီဒီယာများမှတစ်ဆင့် ပိုမိုလုပ်ဆောင်လာနိုင်ပါကြောင်းတွေ့ရှိရပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

၄၆။ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သောင်းထိုက် က ၂၀၂၂ ခုနှစ်တွင် ပဲခူးတိုင်းဒေသကြီးတွင် အကြမ်းဖက်ဗုံးဖောက်ခွဲမှု ၁၆၈ မှု၊ သတ်ဖြတ်မှု ၁၅၃ ကြိမ်၊ ၁၅၄ ဦးသေဆုံးကာ ၁၅၃ ဦး ဒဏ်ရာရရှိခဲ့ပါကြောင်း၊ အကြမ်းဖက်သမားများအား စုံစမ်းဖော်ထုတ်မှု၊ အမှုများတရားစွဲတင်မှု၊ ကြိုတင်ကာကွယ်ရေးနှင့် တားဆီးနှိမ်နင်းရေးဆောင်ရွက်မှုများ ဆွေးနွေးတင်ပြခဲ့ပါသည်။ တိုင်းဒေသကြီးနယ်မြေအတွင်း သောင်းကျန်းသူ KNLA တပ်မဟာ ၃ လှုပ်ရှားသည့် ရွှေကျင်၊ ကျောက်ကြီးနှင့် တပ်မဟာ ၂ လှုပ်ရှားသည့် ထန်းတပင်၊ ရေတာရှည် မြို့နယ်တို့တွင် အကြမ်းဖက် PDF များ ပူးပေါင်းလှုပ်ရှားနေမှု၊ တားဆီးနှိမ်နင်းရေးနှင့် စုံစမ်းဖော်ထုတ်မှုဆောင်ရွက်မှုအခြေအနေများ၊ ၂၀၂၃ ခုနှစ်အတွင်း ရွေးကောက်ပွဲအကြိုကာလ အကြမ်းဖက်မှုနှင့် မိုင်းထောင်ဖောက်ခွဲမှုများ ပြုလုပ်လာနိုင်မှုများကို ဆွေးနွေးတင်ပြခဲ့ပါသည်။

၄၇။ မကွေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်လင်း က ၂၀၂၂ ခုနှစ်အတွင်း မကွေးတိုင်းဒေသကြီးတွင် အကြမ်းဖက်သတ်ဖြတ်ခံရသူ ၄၀၃ ဦးရှိပြီး ဒဏ်ရာရသူ ၁၃၇ ဦး၊ ရဲစခန်းများအတိုက်ခံရမှု ၈၇ ကြိမ်ရှိပါကြောင်း၊ အကြမ်းဖက် PDF များထံမှ လက်နက်မျိုးစုံ ၅၆၅ လက်၊ ခဲယမ်း ၅၀၀၀ ကျော်၊ မိုင်းမျိုးစုံ ၁၀၀၀ ကျော် သိမ်းဆည်းရမိခဲ့ပါကြောင်း၊ အကြမ်းဖက်မှု ၁၄၂၇ မှုကို အရေးယူနိုင်ခဲ့ပြီး တရားခံ ၇၅၆ ဦးဖမ်းဆီးရမိပြီး

ဥပဒေနှင့်အညီအရေးယူထားပါကြောင်း၊ ၂၀၂၃ ခုနှစ်အတွင်း မြို့ပြအကြမ်းဖက်မှုများ ဆက်လက်ဆောင်ရွက်လာနိုင်ပြီး ရဲစခန်းများ၊ လှုပ်ရှားလုံခြုံရေးတပ်ဖွဲ့များကို သာလွန်အင်အားဖြင့် တိုက်ခိုက်လာနိုင်သည်ဟု သုံးသပ်ရပါကြောင်း၊ အကြမ်းဖက်မှုအများဆုံးဖြစ်ပွားသည့် ပခုက္ကူခရိုင်၊ ဂန့်ဂေါခရိုင်တို့တွင် ပြည်သူ့စစ်များ၊ ပြည်သူ့လုံခြုံရေးအဖွဲ့များ စနစ်တကျဖွဲ့စည်း ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် သတင်းရယူမှုအားနည်းခြင်း၊ နယ်မြေကျယ်ပြန့်ပြီးလူနေထိုင်မှုနည်းပါးသဖြင့် နယ်မြေရှင်းလင်းရာတွင် ထိပ်တိုက်ရင်ဆိုင်မှုမရှိဘဲ စစ်ကြောင်းများမရှိသည့်အခါ ပြန်လည်ဝင်ရောက်လာမှုများပြုလုပ်လျှက်ရှိပါကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးထိရောက်အောင် ဆောင်ရွက်သွားမည့်အစီအမံများ ဆွေးနွေးတင်ပြခဲ့ပါသည်။

၄၈။ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းက ၂၀၂၂ ခုနှစ်အတွင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူခဲ့သည့်အမှုပေါင်း ၉၈၁ မှု၊ တရားခံပေါင်း ၁၄၉၀ ဦးရှိခဲ့ပြီး တရားခံ ၈၀၇ ဦးဖမ်းဆီးနိုင်ပြီး ဥပဒေနှင့်အညီရေးယူလျှက်ရှိပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း PDF အကြမ်းဖက်အုပ်စု ၅၀ ခန့်ရှိပြီး စစ်ကိုင်း၊ မကွေး၊ ရှမ်းပြည်နယ်တို့နှင့် ဆက်စပ်လှုပ်ရှားလျှက်ရှိပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးနယ်မြေအတွင်း လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးကို တပ်မတော်၊ ရဲတပ်ဖွဲ့၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ အလေးထားဆောင်ရွက်လျှက်ရှိပါကြောင်း၊ ၂၀၂၃ ခုနှစ်တွင်အကြမ်းဖက်မှုများ ကြိုတင်ကာကွယ်ရေးနှင့် တားဆီးနှိမ်နင်းရေးတွင် မြို့ဝင်/ထွက်နှင့် အရေးကြီးနေရာများ စစ်ဆေးခြင်း၊ ရပ်ကွက်/လှည့်ကင်းများနှင့် ညှော်စာရင်းစစ်ဆေးခြင်း၊ ပြည်သူ့လုံခြုံရေးဆောင်ရွက်ခြင်း တို့ကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မန္တလေးမြို့ပေါ် ၆ မြို့နယ်တွင် CCTV ကင်မရာများကိုလည်း တိုးချဲ့တပ်ဆင်ထားပါကြောင်း၊ လျှပ်စစ်မီးပြတ်တောက်မှုကြောင့် မှတ်တမ်းများ တစ်ဆက်တစ်စပ်တည်း ရရှိနိုင်ရန် ခက်ခဲမှုရှိကြောင်း၊ အကြမ်းဖက်သမားများသည် လိုင်စင်မဲ့ကား၊ ဆိုင်ကယ်များနှင့် ရေလမ်းကြောင်းအသုံးပြုမှုများ Drone ဖြင့်တိုက်ခိုက်မှုများကို အများဆုံးဆောင်ရွက်လာသဖြင့် အဆိုပါကဏ္ဍများတွင် ကြိုတင်ကာကွယ်ရေးနှင့်တားဆီးနှိမ်နင်းရေးကို ဦးစားပေးဆောင်ရွက်လျှက်ရှိပါကြောင်း၊ Drone Guard, Jummer နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ကျည်ကာအင်္ကျီ၊ ယာဉ်နှင့်စက်သုံးဆီ လိုအပ်ချက်များရှိပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

၄၉။ မွန်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်က ၂၀၂၂ ခုနှစ်အတွင်း မွန်ပြည်နယ်တွင် လမ်းတံတားဖောက်ခွဲဖျက်ဆီးမှု ၇၀ ကြိမ်၊ ပစ်ခတ်သတ်ဖြတ်မှု ၁၁၁

ကြိမ်၊ ဆက်သွယ်ရေးတာဝါတိုင်မိုင်းထောင်ဖောက်ခွဲမှု ၁၁၆ ကြိမ်၊ သေဆုံးသူ ၁၀၆ ဦး၊ ဒဏ်ရာရသူ ၂၈၂ ဦးရှိပါကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူမှု ၄၁၆ မှုဖြစ်ပြီး တရားခံ ၅၁၀ ဦး ဖော်ထုတ်နိုင်ခဲ့ပြီး ဖမ်းမိတရားခံ ၂၁၆ ဦးရှိပါကြောင်း၊ ၂၀၂၃ ခုနှစ်အတွင်း ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများဆောင်ရွက်စဉ် အကြမ်းဖက်မှုများ ပြုလုပ်လာနိုင်ပါကြောင်း၊ လက်နက်သယ်ဆောင်မှုများနှင့် အကြမ်းဖက်သမားများ သတင်းကြိုတင်ရယူစုံစမ်းဖော်ထုတ်ခြင်းနှင့် ပြည်သူများအသိပညာပေးခြင်းကိုလည်း အလေးထား ဆောင်ရွက်လျှက်ရှိပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

၅၀။ ရခိုင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရ က ၂၀၂၂ ခုနှစ်အတွင်း ရခိုင်ပြည်နယ်တွင် အကြမ်းဖက်မှုဖြင့် အရေးယူခဲ့သည့်အမှုပေါင်း ၄၂ မှုရှိခဲ့ပြီး တရားခံ ၉ ဦးအား ဖော်ထုတ်ဖမ်းဆီးရမိ၍ ကျန်တရားခံပြေးများ ဖမ်းဆီးနိုင်ရေး ဆောင်ရွက်လျှက်ရှိပါကြောင်း၊ ၂၀၂၃ ခုနှစ်အတွင်း မြို့ပေါ်နှင့်ကျေးရွာများတွင် အကြမ်းဖက်မှုများလုပ်ဆောင်လာနိုင်သည့်အခြေအနေ ရှိပါသဖြင့် ကြိုတင်ကာကွယ်မှုများနှင့် တားဆီးနှိမ်နင်းမှုများကို စီမံချက်ဖြင့် ဆောင်ရွက်လျှက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်သည် မြစ်၊ ချောင်း ပေါများသဖြင့် အကြမ်းဖက်သမားများ အလွယ်တကူဝင်ရောက် ခိုအောင်းနိုင်သည့် ကျွန်းများ၊ ကျေးရွာများရှိပါကြောင်း၊ နယ်မြေဆက်စပ်သည့် ချင်းပြည်နယ်၊ ပဲခူးတိုင်း၊ မကွေးတိုင်းတို့ဖက်မှ ဝင်ရောက်တိုက်ခိုက်လာနိုင်သဖြင့် သတင်းရယူခြင်း၊ ပိတ်ဆို့စစ်ဆေးခြင်းများ ဆောင်ရွက်လျှက်ရှိပါကြောင်း၊ AA လက်နက်ကိုင်အဖွဲ့၏ လှုပ်ရှားမှုရှိနေသဖြင့် တားဆီးနှိမ်နင်းရေးတွင် အချို့နေရာများ၌ ကန့်သတ်ချက်ရှိပါကြောင်း၊ ဗဟိုအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ထိရောက်မှုရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

၅၁။ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့် က ၂၀၂၂ ခုနှစ်အတွင်း တိုင်းဒေသကြီးနယ်မြေအတွင်း အကြမ်းဖက်မှုဖြစ်စဉ် ၉၁၆ မှုဖြစ်ပွားခဲ့ပြီး ၂၃၅ ဦး သေဆုံး၍ ၃၆၁ ဦး ဒဏ်ရာရရှိခဲ့ပါကြောင်း၊ အကြမ်းဖက်သမားများထံမှ သေနတ် ၂၃၅ လက်၊ လက်လုပ်သေနတ် ၄၂ လက်၊ တူမီး/လေသေနတ် ၄၁ လက်၊ လက်ပစ်ဗုံး ၂၄၃ လုံး၊ လက်လုပ်ဗုံး ၈၇၂ လုံး၊ ရှေ့ထွက်မိုင်း ၁၇ လုံးနှင့် ဆက်စပ်ပစ္စည်းဝတ်စုံများ သိမ်းဆည်း ရမိခဲ့ပါကြောင်း၊ အမှုပေါင်း ၄၅၇၆ မှုမှ တရားခံ ၂၃၀၅ ဦး တရားစွဲတင်ကာ ထိရောက်ပြစ်ဒဏ်ရရှိရေးဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ရန်ကုန်မြို့ရှိ အရေးကြီးနေရာနှင့် အဆောက်အဦများလုံခြုံရေးကို စီမံချက်ဖြင့် စနစ်တကျဆောင်ရွက်ထားပါကြောင်း၊ ၂၀၂၃ ခုနှစ်တွင် အကြမ်းဖက်မှုများ ပိုမိုလုပ်

ဆောင်လာနိုင်သော်လည်း ရပ်ကွက်/ ကျေးရွာ ပြည်သူ့လုံခြုံရေးအဖွဲ့အစည်းများ၊ တပ်မတော်၊ ရဲတပ်ဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်မှုအင်အားဖြင့် ကြိုတင်ကာကွယ်ခြင်းနှင့် တားဆီးခြင်း ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ သတင်းရယူမှုအားနည်းမှုများကို ပိုမိုမြှင့်တင်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရှာဖွေစစ်ဆေးမှု၊ ရှောင်တခင်စစ်ဆေးမှုများကို ယာဉ်နှင့် ရပ်ကွက်များ အတွင်း ပိုမိုပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

၅၂။ ရှမ်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း က ၂၀၂၂ ခုနှစ်အတွင်း ပြည်နယ်တစ်ခုလုံးတွင် အကြမ်းဖက်မှု ၆၉၅ မှု ဖြစ်ပွားခဲ့ပြီး ၆၈၅ ဦးကို အရေးယူဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ တရားခံ ၉၂၈ ဦး ဖမ်းဆီးနိုင်ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားပါကြောင်း၊ လက်လုပ်စိန်ပြောင်းအပါအဝင် လက်နက်မျိုးစုံ ၂၉၆ လက်၊ ဗုံးသီးမျိုးစုံ ၆၇ လုံး၊ မိုင်း/လက်လုပ်မိုင်း ၂၂၈ လုံး သိမ်းဆည်းရမိခဲ့ပါကြောင်း တင်ပြပါသည်။ ၂၀၂၃ ခုနှစ်အတွင်း အရေးကြီးအဆောက်အဦများနှင့် လမ်းတံတားများကို လက်နက်ကိုင်အဖွဲ့များနှင့် အကြမ်းဖက်သောင်းကျန်းသူများက ဖောက်ခွဲဖျက်ဆီးမှုများပိုမိုပြုလုပ်လာနိုင်ပါကြောင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် တားဆီးနှိမ်နင်းရေးတွင် နေ့/ညမပြတ် လှည့်ကင်း၊ ရပ်ကင်းများဖြင့် စောင့်ကြည့်နယ်မြေစိုးမိုးခြင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းသတင်းရယူခြင်း၊ ရုံး/ရဲစခန်းများတွင် ခံစစ်များ စနစ်တကျပြင်ဆင်ထားခြင်း၊ Drone Guard နှင့် Jammer များတိုးချဲ့တပ်ဆင် ထားခြင်း၊ အရေးကြီး ၆၅ နေရာတွင် CCTV ၂၂၄ လုံး တိုးမြှင့်တပ်ဆင်ရန် ဆောင်ရွက်လျက် ရှိပါကြောင်း၊ လက်နက်သယ်ဆောင်မှုများ ဖော်ထုတ်ဖမ်းဆီးနိုင်ရေး၊ နယ်မြေအတွင်း ခိုအောင်းမှု မရှိစေရေးကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

၅၃။ ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင် က ၂၀၂၂ ခုနှစ်အတွင်း တိုင်းဒေသကြီးနယ်မြေတွင် ပစ်ခတ်တိုက်ခိုက်ခံရမှု ၃၆ ကြိမ်၊ သေဆုံး ၁၈ ဦး၊ ဒဏ်ရာရသူ ၁၈ ဦး ရှိခဲ့ပါကြောင်း၊ ဗုံးထောင်ဖောက်ခွဲမှု ၆၆ ကြိမ်၊ သေဆုံး ၂ ဦး၊ ဒဏ်ရာရသူ ၁၆ ဦး ရှိခဲ့ပြီး အမှုတွင်ပါဝင်ပတ်သက်သူ တရားခံ ၆၇၁ ဦး ဖမ်းဆီးအရေးယူခဲ့ပါကြောင်း၊ ကျန်တရားခံများဖမ်းဆီးရေးကိုလည်း ဆက်လက်ဆောင်ရွက်နေပါကြောင်း၊ လက်နက်မျိုးစုံ ၇၈၂ လက်၊ ဗုံးနှင့်မိုင်းမျိုးစုံ ၃၂၇ လုံးနှင့် ခဲယမ်းများ သိမ်းဆည်းရမိခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို နှောက်ယှက်ဖောက်ခွဲတိုက်ခိုက်မှုများ၊ ပစ်ခတ်သတ်ဖြတ်မှုများ ပြုလုပ်လာနိုင်ပါကြောင်း၊ နယ်မြေစည်းရုံးရေးနှင့် ပြည်သူပညာပေးရေးတို့ကို ပိုမိုဆောင်ရွက်လျက်ရှိပါ

ကြောင်း၊ ကျေးရွာအဆင့်ပြည်သူ့လုံခြုံရေးအဖွဲ့များ ဖွဲ့စည်းထားပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

**အထွေထွေဆွေးနွေးခြင်း**

၅၄။ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဗိုလ်ချုပ် ခွန်သန့်ဇော်ထူး က တိုင်းဒေသကြီး/ပြည်နယ်များသည် လူဖြင့် သတင်းရယူမှု လွန်စွာအားနည်းပါကြောင်း၊ ကန့်သတ်ချက်အများအပြားရှိသည်ကို တွေ့ရှိရပါကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ဆက်သွယ်ရေးစနစ်မှ ဖုန်း/ လမ်းလျှောက်စကားပြောစက်တို့မှ ကြားဖြတ်ဖမ်းယူခြင်း၊ လူမှုကွန်ရက်များတွင် Hacker များနှင့်ပူးပေါင်း၍ ဆောင်ရွက်ခြင်း၊ ဥပမာ– သိပ္ပံနှင့်နည်းပညာ၊ ဆက်သွယ်ရေးနှင့် မှူခင်းရဲတပ်ဖွဲ့၊ စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ်ရုံးတို့ ပူးပေါင်း၍ Team ဖွဲ့ကာ Hack ပြုလုပ်ခြင်းဖြင့် သတင်းပိုမိုရရှိနိုင်ပါကြောင်း၊ ကုလသမဂ္ဂသို့ သတင်းဖလှယ်မှုများအား ကြိမ်ဖန်များစွာ ပေးပို့နိုင်ပါက မီဒီယာများ၏ ဂရုစိုက်မှုကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ လုပ်ဆောင်နိုင်ပါက ဆောင်ရွက်သင့်ပါသည်ဟု အကြံပြုလိုပါကြောင်း ဆွေးနွေးတင်ပြပါသည်။

၅၅။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း က ဝန်ကြီးဌာနအနေဖြင့် SIM Card မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး Mytel ကဲ့သို့ တူညီလိပ်စာများ ကြိမ်ဖန်များစွာ ပြန်ကြားသည့်ကိစ္စရပ်များရှိပါက မိမိတို့ထံသို့ ချက်ချင်းအကြောင်းကြားပေးစေလိုပါကြောင်း၊ အမြန်ဆုံး အဖြေထုတ်ပေးမည်ဖြစ်ပါကြောင်း၊ နည်းပညာကုမ္ပဏီ Google နှင့် Facebook တို့ကိုလည်း ကန့်ကွက်စာများ ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ အချို့ကိစ္စများသည် ဝယ်ယူရေးဆောင်ရွက်နေသည့် ကိစ္စများဖြစ်သည့်အတွက် အသေးစိတ်ပြောပြရန် ကန့်သတ်ချက်များရှိပါကြောင်း၊ မိမိတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသွားပါသည်။

၅၆။ အကြမ်းဖက်မှုများတားဆီးနှိမ်နင်းရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဗိုလ်ချုပ် စိုးတင့်နိုင်က ကိုဗစ်–၁၉ ကပ်ရောဂါကာလတွင် ရှောင်ရန်/ဆောင်ရန်များနှင့် ပညာပေးမှုများကို SMS ပေးပို့မှုများရှိပါကြောင်း၊ Messenger, Viber နှင့် Message များမှလည်းပို့ပါကြောင်း၊ မိမိအနေဖြင့် တင်ပြလိုသည်မှာ PDF ဂိမ်းကစားမှုများကြောင့် ဖြစ်ပေါ်လာမည့်အန္တရာယ်ကို နိုင်ငံပိုင်မီဒီယာ ရုပ်/သံများမှ စာတမ်းထိုး၍ အသိပေးသင့်ပါကြောင်း၊ နိုင်ငံပိုင်မီဒီယာကို လူတိုင်းမကြည့်ကြပါကြောင်း၊ ဖုန်းများကို လူတိုင်းကြည့်ကြပါကြောင်း၊

သို့ဖြစ်၍ SMS တွင် PDF ဂိမ်းကစားပါက အကြမ်းဖက်မှုမြောက်ကြောင်း၊ အကြမ်း ဖက်မှုကို ငွေကြေးထောက်ပံ့ပါက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူခံရမည် ဖြစ်ကြောင်း၊ အကြမ်းဖက် Post များကို Share ခြင်း Like လုပ်ခြင်း၊ Comment ပေးခြင်း ပြုလုပ်ပါက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူခံရနိုင်ကြောင်းနှင့် ပြစ်ဒဏ်များကို Viber နှင့် Message တို့မှ အသိပေးနေပါက ပို၍ထိရောက်မည်ဖြစ်ပါကြောင်း၊ ဥပဒေရေးရာ ဝန်ကြီးဌာနက တင်ပြခဲ့သည့် ကြိုတင်ခွင့်ပြုမိန့်များကိစ္စနှင့်ပတ်သက်၍ ပုဒ်မ မဖော်ပြပဲ ပုံစံတစ်ပြေးညီဖြစ်စေရန် ပေးဖို့ကိုလည်း မိမိတို့မှပုံစံချ၍ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြခဲ့ပါသည်။

၅၇။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ လင်းအောင်က K Pay ဖြင့် အကြမ်းဖက်မှုနှင့် ငွေကြေးခဝါချမှုဆိုင်ရာ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာဘဏ်သို့ ခေါ်ယူ သတိပေးပြီးဖြစ်ပါကြောင်း၊ K Pay အနေဖြင့် Level 1 စတင်လုပ်ဆောင်ချိန်တွင် ခက်ခဲမှုများ ရှိခဲ့ကြောင်း Account ဖွင့်နိုင်ရေးအတွက် အချက်အလက်များ အလေးထားစိစစ်ခဲ့ကြောင်း၊ Level 2 အဆင့်တွင် ဘဏ်၏ Marketing အရ အောင်မြေအထိဆင်း၍ K Pay Account များ ဖွင့်ပေးခဲ့ကြောင်း၊ SIM Card Registration ကိစ္စရပ်များ၊ e-ID တို့သည် ခရီးရောက်နေပြီဖြစ်ပါ ကြောင်း၊ Bank account နှင့် Payment Register များတွင်လည်း မှတ်ပုံတင်နှင့် ဖုန်းနံပါတ် စစ်ရန် ကွန်ပျူတာကျွမ်းကျင်သူများဖြင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ Payment ပိုင်း တွင် ကန့်သတ်ရန် လိုအပ်ချက်များ Agent ဆိုင်ရာ ကန့်သတ်ချက်များကိုလည်း သက်ဆိုင်ရာ ဘဏ်အား ထပ်မံခေါ်ယူ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

၅၈။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း က SMS ဖြင့် သတင်းအချက် အလက်ပေးမည့်ကိစ္စကို တင်ပြလိုပါကြောင်း၊ လက်ရှိတွင် SIM Card အသုံးပြုသူ ၄၆ သန်းကျော်ရှိပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် အသိပေးမည့်စာစု အား ပေးပို့လာသည်နှင့် မိမိတို့က တစ်ပြိုင်တည်း မိုဘိုင်းဖုန်းအသုံးပြုသူ ၄၆ သန်းထံ သတင်း ပေးသွားမည်ဖြစ်ပါကြောင်း၊ အချိန်သတ်မှတ်၍ နှစ်ကြိမ်/ သုံးကြိမ် ပေးပို့နိုင်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထုအနေဖြင့် Awareness ရရှိမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေး တင်ပြသွားပါသည်။

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်ပြောကြားခြင်း**

၅၉။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် က ယခုအစည်းအဝေးတွင် ဆွေးနွေးချက်များအပေါ် မူတည်၍

ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ARSA နှင့်ပတ်သက်၍ ထိထိရောက်ရောက် ဆောင်ရွက်လာနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့တို့အကြား နယ်စပ်ဒေသ အကြမ်းဖက်မှုအခြေအနေများ ဆွေးနွေးနိုင်ခဲ့သည့်အတွက် ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်သည် ၎င်းတို့နိုင်ငံသို့ ပြန်ရောက်ချိန်တွင် စစ်ဆင်ရေးတစ်ခုဆောင်ရွက်ခဲ့ပြီး ARSA ဒုခေါင်းဆောင် ၁ ဦးကို အသေဖမ်းဆီးရမိခြင်း၊ ARSA စစ်ဦးစီးချုပ် Attaullah abu Ammar Jununi နှင့် အပေါင်းအပါများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ဥပဒေအရ တရားစွဲတင်ခဲ့သည့်သတင်းများ မိမိတို့ရရှိခဲ့ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်နှင့် လက်ရှိ ရှိရင်းစွဲချစ်ကြည် ရင်းနှီးမှုကို မပျက်သွားအောင် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ထိန်းသိမ်းထားရန် မှာကြားလိုပါကြောင်း၊ ဆက်သွယ်မှု မပြတ်ရှိနေရန် လိုအပ်ပါကြောင်း၊ CDM လုပ်သူများ Black List ရေးသွင်းထားသည့်အတွက် ပြည်ပသို့ထွက်ခွင့်မရတော့ပဲ လေဆိပ်တွင် တားဆီးမှုများ ရာနှင့်ချီ၍ ရှိလာပါကြောင်း၊ ထိုသို့ တားဆီးခံရသူများသည် အစိုးရအပေါ်မကျေနပ်သည့် အဖွဲ့များဖြစ်လာနိုင်ပါကြောင်း၊ ပြည်တွင်း၌လည်းအလုပ်မရှိ၊ ပြည်ပသို့လည်းသွားမရခြင်းတို့ကြောင့် ထိုလူအုပ်စု၏ အန္တရာယ်သည် ကြီးမားလာနိုင်ပါကြောင်း၊ Online မှ တက်ရောက်နေကြသော တိုင်းဒေသကြီး/ ပြည်နယ် ရဲတပ်ဖွဲ့မှူးများ အနေဖြင့် ထို CDM အဖွဲ့များကို စောင့်ကြည့်ပစ်မှတ်အနေဖြင့် သေချာစောင့်ကြည့်သွားရန် လိုအပ်ပါကြောင်း၊ ပြည်ပနိုင်ငံလေဆိပ်များမှ ပြည်ဝင်ခွင့်မပြုပဲ ပြန်လွှတ်သည့် မြန်မာနိုင်ငံသားများ ယခု ၂ လအတွင်း ၅၀၀ နီးပါးရှိနေပါကြောင်း၊ ၎င်းတို့နှင့်ပတ်သက်၍ တိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့များသို့ အမည်နှင့် လိပ်စာများ ပေးပို့ထားရန်လိုအပ်ပါကြောင်း၊ ၎င်းတို့ကိုလည်း Black List လုပ်ထားသူများကဲ့သို့ပင် စောင့်ကြည့်ပစ်မှတ်အနေဖြင့် သေချာစောင့်ကြည့်သွားရန် လိုအပ်ပါကြောင်း၊ အကြမ်းဖက်ဖြစ်စဉ်များနှင့်ပတ်သက်၍လည်း စနစ်တကျ မှတ်ပုံတင်ထားရန် လိုအပ်ပါကြောင်း၊ ယခင်က ခေတ်ပုံမှတ်တမ်း၊ စနစ်တကျမှတ်ပုံတင်ခြင်းတို့ မရှိခဲ့သည့်အတွက် အားနည်းမှုများရှိခဲ့ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များအနေဖြင့် သေချာအလေးထား ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ အကြမ်းဖက်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ INTERPOL,ASEANAPOL နှင့် သံရုံးများသို့ လစဉ်ပေးပို့လျက်ရှိသကဲ့သို့ နိုင်ငံခြားရေးဝန်ကြီးဌာနသို့လည်း လစဉ်ပေးပို့လျက်ရှိပါကြောင်း၊ ထိုသို့ပေးပို့မှုသည် အတိုင်းအတာတစ်ခုအထိ ထိရောက်မှုရှိပါကြောင်း၊ ပေးပို့ခဲ့သည့် အချက်အလက် Document များ ရှိထားရန်လိုအပ်ပါ ကြောင်း၊ ပျောက်ပျက်သွား၍ မရကြောင်း၊ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သက်သေခံပစ္စည်းအဖြစ် အသုံးဝင်လာမည်ဖြစ်ပါကြောင်း၊ အကြမ်းဖက်မှုဖြစ်စဉ်များနှင့်ပတ်သက်သော သက်ရှိ/သက်မဲ့ သက်သေခံပစ္စည်းများကို သေချာ မှတ်ပုံတင်ထားရန် ပြောလိုပါကြောင်း၊ ဗဟိုအဖွဲ့၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်သို့ ပေးပို့ရာ

တွင်လည်း သေချာမှတ်ပုံတင်ထားရန် လိုအပ်ကြောင်း၊ အကြမ်းဖက် သမားများ အသုံးပြုသည့် လက်နက်/ခဲယမ်းများ မိမိနိုင်ငံသို့ ဝင်ရောက်ခြင်းနှင့် စီးထွက်ခြင်းများသည် မြို့ဝင်/မြို့ထွက် စစ်ဆေးရေးဂိတ်၊ နယ်စပ်စစ်ဆေးရေးဂိတ်၊ X Ray စစ်ဆေးရေး ဂိတ်များကို ဖြတ်သန်းကြရပါကြောင်း၊ စစ်ဆေးရေးဂိတ်များသည် ရှာဖွေရေးလုပ်ငန်းများကို သေချာဆောင်ရွက်ရန် လိုပါကြောင်း၊ ဖော်ထုတ်ရရှိသည့် ပစ္စည်းများ၏ ၇၅ % သည် ဂိတ်များမှဖြစ်ပါကြောင်း၊ သတင်းပေးနှင့် နည်းပညာများကြောင့်လည်း ဖော်ထုတ်ရရှိသည်များရှိပါကြောင်း၊ မန္တလေးတွင် ဖမ်းဆီးရမိခဲ့သော မူးယစ်ဆေးဝါးအချို့နှင့်စပ်လျဉ်း၍ ဆက်စပ်ဖော်ထုတ်ခဲ့ရာ လက်နက် ၃၈ လက် ထပ်မံဖော်ထုတ် ဖမ်းဆီးရမိခဲ့ပါကြောင်း၊ လက်နက်/ ခဲယမ်းများသည် ရေစီးကြောင်းတစ်ခုကဲ့သို့ လမ်းမများမှ စီးဆင်းဝင်ရောက်လျက်ရှိသည်ကို တိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့မှူးများ သိရှိ၍ ကြပ်မတ် ဆောင်ရွက်စေလိုကြောင်း၊ နောင်တွင် ဖမ်းဆီးရမိမှု များနှင့်ပတ်သက်၍ ဖြတ်သန်းလာခဲ့သည့် စစ်ဆေးရေးဂိတ်များနှင့် ကြီးကြပ်သူများတွင် တာဝန်ရှိမည်ဖြစ်ပါကြောင်း၊ စနစ်တကျ သေချာ စစ်ဆေးကြရန် မှာကြားလိုပါကြောင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများက အကြမ်းဖက်မှု များတိုးမြင့် ဖြစ်ပေါ်လာနိုင်သည်ဟူသော သုံးသပ် ပြောဆိုမှုများရှိပါကြောင်း၊ CRPH, NUG, PDF များကလည်း အကြမ်းဖက်မှုများကို တိုးမြင့်လုပ်ဆောင်လာမည်ဖြစ်ပါကြောင်း၊ နည်းပညာ က ကာကွယ်နိုင်သလို လူ၏စစ်ဆေးမှုကလည်း ကာကွယ်ပေးနိုင်ပါကြောင်း၊ နည်းပညာသည် လူထက်ပို၍ သေချာမှုရှိသဖြင့် နည်းပညာဖြင့် စစ်ဆေးနိုင်ရေး အလေးထားဆောင်ရွက်သင့်ပါ ကြောင်း၊ ရန်ကုန်၌ ချယ်ရီသင်္ဘောဖြစ်စဉ်နှင့် ပတ်သက်၍ မိမိတို့ ကြိုတင်သတင်းရရှိခဲ့ကြောင်း၊ နည်းပညာပစ္စည်းများဖြင့် ခရီးသည်များကို စစ်ဆေးနိုင်ပါက ဖြစ်လာနိုင်စရာအကြောင်း မရှိပါ ကြောင်း၊ ဝန်ကြီးဌာနလောက်တွင်ပင် Drone နှင့်ပတ်သက်သည့် Anti Drone တပ်ဆင်မှုများ ဆောင်ရွက်ရုံနှင့်မရပါကြောင်း၊ သက်ဆိုင်ရာ နေရာများအထိ တပ်ဆင်ထားနိုင်ရန်လိုအပ်ကြောင်း၊ တစ်ဘက်တွင်လည်း လုံခြုံရေးဝန်ထမ်း များက လုံခြုံရေးအသိစိတ်ရှိရန် အရေးကြီးပါကြောင်း၊ မန္တလေးရွှေဆိုင် အနုကြမ်းစီးမှုများကို ကြည့်ပါက လုံခြုံရေးဝန်ထမ်းများ၏ အားနည်းမှုများကို တွေ့ရှိရပါကြောင်း၊ ဆိုင်ပိုင်ရှင်များ၏ အားနည်းမှုများလည်းရှိပါကြောင်း၊ အချို့ဆိုင်များသည် CCTV ၇ လုံး/ ၈ လုံးရှိသော်လည်း ပျက်စီး ချို့ယွင်းနေသည်ကို တွေ့ရှိရကြောင်း၊ လုံခြုံရေးနှင့် ပတ်သက်၍ ပြည်သူလူထုအားလုံးတွင် တာဝန်ရှိပါကြောင်း၊ ဘဏ်ဓားပြတိုက်မှုဖြစ်စဉ်များကို ကြည့်ပါက ကျူးလွန်သူက ဓားမြှောင်ဘေးချ၍ အိတ်အတွင်းသို့ ငွေကြေးနှင့်ပစ္စည်းများ ထည့် နေချိန်တွင် အနီးရှိသူများက ခုခံတိုက်ခိုက်၍ ချက်ချင်းဖမ်းနိုင်သော်လည်း မလုပ်သည်ကို တွေ့ရှိ ရကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် PDF များ အများဆုံး ကျူးလွန်နေသည့်

အနုကြမ်းစီးမှုများ၊ အကြမ်းဖက်မှုငွေကြေးထောက်ပံ့မှုများကို အလေးထားတိုက်ဖျက်ရန် လိုအပ်ကြောင်း၊ ငွေကြေးလွယ်ကူစွာ ရရှိသည်ဖြစ်၍ အကြမ်းဖက်သမားများက အလွယ်တကူ ကျူးလွန်နေကြောင်း၊ ငွေကြေးစီးဆင်းမှုကို တိုက်ဖျက်နိုင်ပါက အကြမ်းဖက်မှုများ လျော့နည်းပပျောက်သွားမည်ဖြစ်ပါကြောင်း၊ တန်ပြန်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဖော်ထုတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဒေသန္တရကာကွယ်ရေးအဖွဲ့ တစ်နည်းဆိုသော် ပြည်သူ့လုံခြုံရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ တစ်ချို့နေရာများတွင် ပြည်သူ့လုံခြုံရေးအဖွဲ့များမှ ပြည်သူ့စစ်အဖြစ် သီးသန့်လက်နက်တပ်ဆင်ပေးလျက်ရှိကြောင်း၊ ထို့အတူ ပရဟိတလုပ်ငန်း ဆောင်ရွက်နေကြသော အဖွဲ့များ၏ စိတ်ဓာတ်မြှင့်တင်ပေးရန်လိုအပ်ကြောင်း၊ မီးသတ်ဦးစီးဌာန အဖွဲ့ဝင်များသည် ပရဟိတဆောင်ရွက်သူများ အများအပြားရှိကြောင်း၊ ယခင်က ပရဟိတအင်အားသည် သန္ဓေအင်အားထက်သာလွန်ပါကြောင်း၊ သို့ဖြစ်၍ တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် ပရဟိတအင်အားများကို ပိုမိုတိုးချဲ့ပေါင်းစပ်အသုံးပြုနိုင်ရန်လိုအပ်ပါကြောင်း၊ ဒေသန္တရကာကွယ်ရေးအဖွဲ့၊ ပြည်သူ့လုံခြုံရေးအဖွဲ့နှင့် ပရဟိတအဖွဲ့များကို စည်းရုံးနိုင်မှသာလျှင် သတင်းရရှိမည်ဖြစ်ပါကြောင်း၊ သတင်းပေးမွေးရန် အလွယ်တကူ လုပ်၍မရပါကြောင်း၊ ရန်ပုံငွေများလည်း ရရှိထားပြီးဖြစ်ရာ သတင်းပေးများကို ထောက်ပံ့ပေးရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်လုံခြုံရေးနှင့် ပတ်သက်လျှင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများတွင် တာဝန်ရှိပါကြောင်း၊ ၎င်းအောက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိပါကြောင်း၊ မိမိနယ်မြေတွင် လုံခြုံရေးကျူးပေါက်ပါက မိမိတွင်ပင် တာဝန်ရှိမည်ဖြစ်ပါကြောင်း၊ လုံခြုံမှုရှိစေရန်၊ အကြမ်းဖက်မှုဖြစ်စဉ်များ မဖြစ်ပွားစေရန် သတင်းရရှိမှုသည် အလွန်အရေးကြီးပါကြောင်း၊ သတင်းကို နည်းပညာဖြင့်ရယူခြင်း၊ သတင်းပေးများမှ ရယူခြင်း နည်းလမ်း ၂ ခုရှိပါကြောင်း၊ လုပ်ပိုင်ခွင့်များပေးအပ်ထားပြီးဖြစ်သည့်အတွက် သေချာဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သတင်းမီဒီယာနှင့်ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ်များတွင် ပြန်/ဆက်ဦးစီးဌာနများရှိပါကြောင်း၊ အဆိုပါဦးစီးဌာနများ သေချာအလုပ်လုပ်ရန်လိုအပ်ပါကြောင်း၊ မိမိတို့၏ မီဒီယာသည် ကမ္ဘာကို မထိုးဖောက်နိုင်သည့်တိုင် မိမိနိုင်ငံအတွင်း ဖောက်နိုင်ရမည်ဖြစ်ပါကြောင်း၊

၆၀။ တိုင်းဒေသကြီး/ ပြည်နယ်အားလုံးရှိ ပြန်/ဆက်ဝက်ဘ်ဆိုက်များကို ဒေသခံများအားလုံး ကြည့်ရှုအောင် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ သတင်းအချက်အလက်များကို စဉ်ဆက်မပြတ် လွှင့်တင်နေရန် လိုအပ်ပါကြောင်း၊ BBC, VOA တို့၏ Breaking News များကဲ့သို့ စိတ်ဝင်စားစေမည့် သတင်းတိုများ ဖော်ပြရန်လိုအပ်ကြောင်း၊ မှူခင်းရဲတပ်ဖွဲ့ကိုယ်စားလှယ် ဆွေးနွေးမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဝန်ကြီးနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတို့ ဆွေးနွေးသွားပြီးဖြစ်ပါကြောင်း၊ ဘာသာရပ်ဆိုင်ရာပညာရှင်များ၊

ဒုတိယဝန်ကြီးတို့စုဖွဲ့၍ မိမိနှင့်ဆွေးနွေးလိုပါကြောင်း၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုသည် Online Payment များမှ အဓိကသွားလျက်ရှိပါကြောင်း၊ ဂိမ်းများ၊ Application များ၊ Tik Tok များ ပိတ်မရသည်ကို ဖြေရှင်းနိုင်ရန်လိုအပ်ကြောင်း၊ ရသလောက်ကို ဆောင်ရွက်ရန်နှင့် တန်ပြန်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အကြမ်းဖက်မှုဖြင့် တရားစွဲဆိုမှုများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့က စတင်တရားစွဲခြင်း၊ ဥပဒေအကြံပေးခြင်းနှင့် တရားရုံးမှ ဆုံးဖြတ်ချက်ချခြင်းတို့ ဆောင်ရွက်ပါကြောင်း၊ အဆိုပါ ၃ ဖွဲ့ ညီညွတ်စွာ ဆောင်ရွက် ရန်လိုအပ်ပါကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရာတွင် ဆွေမျိုးမရှိ၊ မိတ်ဆွေမရှိပါကြောင်း၊ လာဒ်ပေး/လာဒ်ယူရှိ၍ မရပါကြောင်း၊ တရားစွဲအဖွဲ့၊ ဥပဒေအကြံပေးအဖွဲ့၊ တရားစီရင်ရေးအဖွဲ့များသည် အမျိုးသားရေး တာဝန်အဖြစ် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ဥပမာအနေဖြင့် လေယာဉ်၏အမြန်နှုန်းတိုင်းသည့် ကိရိယာတွင် သစ်ရွက်များထည့်သည့်အမှုနှင့်ပတ်သက်၍ ပြောကြားလိုပါကြောင်း၊ လေယာဉ် ဆင်းသက်သည့်အခါ သတ်မှတ်မိုင်နှုန်း လွဲမှားစေနိုင်ပြီး ခရီးသည်များအတွက် အလွန်အန္တရာယ် ရှိပါကြောင်း၊ လေယာဉ်မှူး၏ အမြန်နှုန်းနှင့်ယှဉ်၍ ဆုံးဖြတ်ရသော ဆုံးဖြတ်ချက်များ လွဲမှားစေနိုင်ကြောင်း၊ လူအများအပြားသေစေနိုင်သည့် အကြမ်းဖက်လူသတ်မှုပင်ဖြစ်ပါကြောင်း၊ ထိုပြစ်မှုကို ထောင် ၁၀ နှစ်ချခဲ့ကြောင်း၊ အမြင့်ဆုံးပြစ်ဒဏ်ချမှတ်သင့်ပါကြောင်း၊ ပြင်ဆင်အယူခံ တက်ရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့မှူးများကို မှာကြားလိုသည်မှာ အဓိက အားဖြင့် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့ တွင် ဘင်္ဂါလီသယ်ယူမှုဖြစ်စဉ်များ အများအပြား ဖြစ်ပေါ်နေပါကြောင်း၊ လူမှောင်ခိုဟုဆိုသော်လည်း အကြမ်းဖက်မှုနှင့် ဆက်နွှယ်လျက်ရှိပါကြောင်း၊ လူရာနှင့်ချီ၍ မိမိနယ်မြေမှ ဖြတ်သွားသည်ကို သတင်းမရ မသိရှိကြကြောင်း၊ သတင်းပေးမရှိသည့်အတွက်ဖြစ်ကြောင်း၊ ယခင်က ဘူးသီးတောင်၊ မောင်တောရှိ ဘင်္ဂါလီများသာ သွားလာကြသော်လည်း ယခုအခါ ဘင်္ဂလားဒေ့ရှ် ဒုက္ခသည်စခန်းများရှိ ဘင်္ဂါလီများသွားလာလျက်ရှိကြောင်း၊ သွားသည့်လမ်းကြောင်းလဲ အားလုံး သိရှိပြီးဖြစ်ပါကြောင်း၊ ဘင်္ဂါလီဖမ်းဆီးရေးကို သေချာဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊

၆၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တင်ပြသွားသည့် FATF နှင့်စပ်လျဉ်း၍ ပြောကြားလိုပါကြောင်း၊ အကြမ်းဖက်ပြစ်မှုများကို ငွေကြေးခဝါချမှုနှင့် တစ်ပြိုင်းတည်း စစ်ဆေးလျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးအမှုများကဲ့သို့ပင် FIU မှ တစ်ပြိုင်တည်း အမှုစစ်ဆေးရန်မှာကြားလိုပါကြောင်း၊ ပြည်ပငွေလွှဲများနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် တင်းကြပ်စွာ ဆောင်ရွက်ပေးရန် မှာကြား လိုပါကြောင်း၊ ပြည်တွင်းငွေလွှဲမှုများနှင့်ပတ်သက်၍ ယခင်ကထက်

ပိုမို၍ ဖော်ထုတ်ထိန်းချုပ် နိုင်ပါကြောင်း၊ ပြည်ပငွေလွှဲမှုများကို သေချာ ကြပ်မတ်ဆောင်ရွက် ပေးစေလိုပါကြောင်း၊ အကြမ်းဖက်သမားများက မိုင်းများကို အဝေးထိန်းစနစ်၊ ချိန်ကိုက်စနစ် တို့ဖြင့် ဖောက်ခွဲလျက်ရှိကြကြောင်း၊ နေပြည်တော်တွင် ဖမ်းဆီးမိသော ဖောက်ခွဲရေးပစ္စည်းများ သည် TNT ယမ်းပြင်းများဖြစ်ကြောင်း၊ ဖောက်ခွဲရေးပစ္စည်းအဖြစ် ဆက်စပ်နိုင်မှုမရှိမီ ဖော်ထုတ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါဖောက်ခွဲရေးပစ္စည်းများကို လူမဲ့တန်ဆာများဖြင့် ပေးပို့ ကြခြင်းဖြစ်ကြောင်း၊ လူမဲ့တန်ဆာနှင့်ပတ်သက်၍ မိမိတို့ ညွှန်ကြားချက်ထုတ်ပြီးဖြစ်ကြောင်း၊ လူမဲ့တန်ဆာနှင့်ပတ်သက်၍ စစ်ဆေးရေးဂိတ်များ၊ စတင်လက်ခံသည့်နေရာတို့တွင် တာဝန်ရှိ မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ လူဦးရေစာရင်းများ ကောက်ယူနိုင်ရေး သင်တန်း များပေးလျက်ရှိကြောင်း၊ မိမိတို့အတွက် သတင်းအချက်အလက်ရရှိနိုင်မည့် အခွင့်အလမ်းဖြစ်ပါ ကြောင်း၊ လူဦးရေစာရင်းများ ကောက်ယူရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များလည်း လိုက်ပါရမည် ဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကိုယ်တိုင်စစ်ဆေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် တပ်ဖွဲ့အမျိုးမျိုးရှိကြောင်း၊ အားလုံးကိုတိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့ များက ကွပ်ကဲမှုရယူပြီး ချက်ချင်းစီမံခန့်ခွဲနိုင်ရမည်ဖြစ်ကြောင်း၊ အကြမ်းဖက်သမားများ၏ ပုံများကို သက်ဆိုင်ရာနေရာများသို့ ပေးပို့ထားရန်လိုအပ်ကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် Main ဂိတ်များတွင် ပြသထားရန်လိုအပ်ကြောင်း၊

၆၂။ မှူခင်းနှင့်ဥပဒေရေးရာဌာနကြီး၊ ဌာနကြီးမှူး ဆွေးနွေးသွားသည့် အကြမ်းဖက်မှုဆိုင်ရာ ထိန်းချုပ်မိန့်များ၊ ထုတ်ပြန်ခြင်း၊ ဝရမ်းကပ်၍ သတ်မှတ်ကာလရောက်ပါက နိုင်ငံတော်ပိုင် ပစ္စည်း အဖြစ်သိမ်းဆည်းခြင်း တင်ပြမှုများအပေါ် ဥပဒေရေးရာဝန်ကြီးဌာန၊ အကြံပြုချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ညှိနှိုင်းရန် လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် တရားခံပြေးများနှင့်ပတ်သက်၍ အမြန်ဆုံး ထိန်းချုပ်ခြင်း၊ နိုင်ငံတော်ပိုင် ပစ္စည်းအဖြစ် အမြန်ဆုံးစီမံခန့် ခွဲနိုင်ရေး ဆောင်ရွက်လိုပါကြောင်း၊ ပြန်လည်ညှိနှိုင်းဆွေးနွေး၍ မိမိအား ပြန်လည်တင်ပြစေလိုပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ရဲတပ်ဖွဲ့မှူးများအနေဖြင့် မိမိတို့တိုင်းဒေသကြီး/ ပြည်နယ်ရှိ အကြမ်းဖက်အုပ်စုများ လှုပ်ရှားသည့်နေရာများကို လှုပ်ရှားမှုအပေါ် မူတည်၍ အပိုင်းများ ခွဲခြား ဆောင်ရွက်ရန်လိုပါကြောင်း၊ တစ်ရံတစ်ခါမျှ မလှုပ်သည့်နေရာ၊ အတော်အသင့်လှုပ်သည့်နေရာ နှင့်ခပ်စိတ်စိတ်လှုပ်သည့်နေရာဟူ၍ ခွဲခြားထားပြီးတပ်အင်အား၊ ဒေသန္တရအင်အား၊ မိမိအင်အား များဖြင့် ခွဲခြားထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဖားခုန်စနစ်ဖြင့် အကွက်ရိုက်၍ ရှင်းလင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဆက်စပ်နယ်မြေများတွင် ခိုအောင်း၍ လှုပ်ရှားမှု မရှိအောင် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အစီအမံရေးဆွဲ၍ သေချာဆောင်ရွက်ရန် လိုအပ်

ကြောင်း၊ ဒုတိယဝန်ကြီး ဆွေးနွေးသွားသည့်အချက် ၃ ချက်ဖြစ်သည့် အကြမ်းဖက်မှု တားဆီး နှိမ်နင်းရေးနှင့်ပတ်သက်၍ အောက်ခြေအဆင့်အထိ ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရန်ပုံငွေထိုက်ထိုက်တန်တန်ရရှိပြီးဖြစ်ရာ အကျိုးရှိစွာအသုံးပြုနိုင်ရေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သတင်းပေးများမွေးခြင်း၊ အကြမ်းဖက်ခေါင်းဆောင်များ၊ လက်နက်များ ဖမ်းဆီးရမိမှုများတွင် ဆုငွေချီးမြှင့်မှုနှင့်ပတ်သက်၍ တိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့မှူးများ အလေးထား ဆောင်ရွက်စေလိုပါကြောင်း၊ ကော်မတီ ၁ ခုနှင့် လုပ်ငန်းအဖွဲ့ ၂ ဖွဲ့ ပြန်လည်ပြင်ဆင်ဖွဲ့စည်းရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရန်လိုပါကြောင်း၊ ငွေကြေးဆိုင်ရာ မှုခင်းတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှူး တင်ပြခဲ့သည့်ကိစ္စ နှင့်ပတ်သက်၍ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီးမှူး အနေဖြင့် ညွှန်ကြားချက် ၁ စောင် ထုတ်နိုင်ရေး မိမိထံတင်ပြစေလိုပါကြောင်း၊ ယနေ့ အကြမ်းဖက်မှုများဖြစ်ပေါ်နေခြင်းသည် အယူအဆအတွေးအခေါ်များ အစွန်းရောက်သည့်အတွက် ဖြစ်ပေါ်လာကြရခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ အသိပညာပေးမှုများ၊ ယုံကြည်မှု တည်ဆောက်မှုများ၊ ပြည်သူလူထုစည်းရုံးဆောင်ရွက်မှုများ၊ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သတင်းအချက်အလက် လက်ဦးမှုရယူနိုင်ရေးဆောင်ရွက်နိုင်မှုများကို ပြန်လည်သုံးသပ်ကြစေလိုပါကြောင်း၊ သတင်းအမှားများချေဖျက်ရန်နှင့် အမုန်းစကားဖြင့် လုပ်ကြံဖန်တီးထားသည့် သတင်းများ တိုက်ဖျက်ရေးတို့ကို အဓိကဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများကို တိုက်ဖျက်ရမည်ဖြစ်ပါကြောင်း၊ ဘဏ်များ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများမှ ငွေကြေးထောက်ပံ့နေမှုများကို ဥပဒေဖြင့် ထိန်းသိမ်းနိုင်ရေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယနေ့ အကြမ်းဖက်ဆောင်ရွက်မှုများကို ကြည့်ပါက လက်နက်ကိုင်အကြမ်းဖက်ခြင်းနှင့် မြို့ပြသူပုန်ထခြင်း ၂ မျိုးကိုသာ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ စီမံချက်များရေးဆွဲရာတွင် မိမိနယ်မြေဒေသအပေါ်မူတည်၍ ရေးဆွဲရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်အစိုးရက နေ့စဉ်ကြေညာလျက်ရှိသည့် အုပ်စု ၁ တွင် လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများဖျက်စီးမှု၊ CDM နည်းလမ်းဖြင့် ငွေကြေးရယူသည်ဖြစ်စေ၊ အခြားနည်းလမ်းဖြင့် ငွေကြေးရယူသည်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်ခဲ့သူများမှအပ စိုးရိမ်ခြင်းကြောင့် ထွက်ပြေးတိမ်းရှောင်လျက်ရှိသော ဝန်ထမ်းများ၊ အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား အလင်းဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပါကြောင်း၊ ဝန်ထမ်း၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသား

များ တစ်နည်းဆိုရလျှင် ထိထိရောက်ရောက်လုပ်ခဲ့သူများ မဟုတ်ပါကြောင်း၊ စိတ်ဆန္ဒအလျှောက် လုပ်ဆောင်ခဲ့သူများကို ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်ထားခြင်းဖြစ်ကြောင်း၊ စတင်ကြေညာသည့် အချိန်မှစ၍ ယနေ့အထိ ၁၁၇၆ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်ပါကြောင်း၊ ဧရာဝတီတိုင်းသည် ၃၀၈ ဦးနှင့် အများဆုံး ဖြစ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးမှ ၂၉၀ ဦး၊ မန္တလေးတိုင်းဒေသကြီး ၁၉၉ ဦးနှင့် မွန်ပြည်နယ်မှ ၁၇၄ ဦး၊ ကျန်ပြည်နယ်နှင့် တိုင်းများမှ ဆယ်ဂဏန်းအောက်သာရှိပါကြောင်း၊ အုပ်စု ၂ တွင် အကြမ်းဖက်အုပ်စု PDF အပါအဝင် လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသော အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ရေး၊ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်ထားရှိပါကြောင်း၊ PDF နှင့် လက်နက်ကိုင်ဆန့်ကျင်သူများကို ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်ထားရှိပါကြောင်း၊ လက်ရှိတွင် ၃၁၇ ဦး ပြန်လည်ဝင်ရောက် လာပြီးဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး ၁၃၄ ဦး၊ မန္တလေးတိုင်းဒေသကြီး ၆၇ ဦး၊ မကွေးတိုင်းဒေသကြီး ၄၁ ဦးနှင့် ကျန်တိုင်းဒေသကြီးများ အနည်းငယ်ဝင်ရောက်ကြပါကြောင်း၊ အုပ်စု ၃ တွင် နယ်စပ်ဒေသတိုင်းဒေသကြီး/ ပြည်နယ်ရှိ အချို့သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များထံသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား/ ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာတပ်/ စခန်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့သို့ ဆက်သွယ်၍ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်ခြင်းဖြစ်ပါကြောင်း၊ စုစုပေါင်း ၁၀၅ ဦး ဝင်ရောက်ပြီးဖြစ်ပါကြောင်း၊ ကရင်ပြည်နယ် ၉၅ ဦးနှင့် ကျန်တိုင်းဒေသကြီး/ ပြည်နယ်များမှ အနည်းငယ်သာဖြစ်ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ပြန်လည်ဝင်ရောက်မှုများရခြင်းမှာလက်ကမ်းစာစောင်များဝေခြင်း၊ စစ်ကြောင်းကြီး ၅ ကြောင်းဖြင့် စည်းရုံးခြင်း၊ ပြည်သူလူထုနှင့် ရပ်/ကျေး အုပ်ချုပ်မှုများကို စည်းရုံးဆောင်ရွက်မှုကြောင့် ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး / ပြည်နယ် လုံနယ်ဝန်ကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ် ရဲတပ်ဖွဲ့မှူးများအနေဖြင့် အလေးထားဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း၊ ဗဟိုအဖွဲ့အစည်းအဝေးကို ကိုယ်တိုင်တက်ရောက်သူများ၊ Online မှ တက်ရောက်သူများအားလုံး မိမိအတွေ့ အကြုံများနှင့်အတူ တက်ကြွစွာ ပါဝင်ဆွေးနွေးပေးကြသည့်အတွက် အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ အရေးကြီး လိုအပ်ချက်များရှိလျှင် ဗဟိုအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များအနေဖြင့် မိမိထံ တိုက်ရိုက်ဆွေးနွေးနိုင်ပါကြောင်း ရှင်းလင်းမှာကြားခဲ့ပါသည်။

၆၃။ ဗဟိုအဖွဲ့အစည်းအဝေးသည် ၂၀၁၅ နာရီတွင် ပြီးဆုံးခဲ့ပါသည်။ ဆောင်ရွက်ရန် ဆုံးဖြတ်/ညွှန်ကြားချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ညွှန်ကြားချက်များ | ဆောင်ရွက်ရန် |
|---|---|---|
| (က) | ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်နှင့် ဆက်ဆံရေး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်နှင့် ၎င်းတို့လိုလားချက်အတိုင်း နေ့စဉ် ဆက်သွယ်မှုမပြတ် ဆောင်ရွက်ရန်။ | နရခ |
| (ခ) | အကြမ်းဖက်အုပ်စု ARSA နှင့်ပတ်သက်၍ မိမိနယ်မြေအတွင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ သတင်းများလက်ဦးမှုရရှိရေး အလေးထားဆောင်ရွက်သွားရန်။ | ״ |
| (ဂ) | ပြည်ပထွက်ခွာခွင့် တားမြစ်ခံရသော CDM များ၊ ပြည်ပနိုင်ငံလေဆိပ်များမှ ပြည်ဝင်ခွင့်မပြုပဲ ပြန်လည်စေလွှတ်ခြင်းခံရသော မြန်မာနိုင်ငံသားများနှင့်ပတ်သက်၍ အပတ်စဉ်စာရင်းပြုစုထားရန်နှင့် တိုင်းဒေသကြီး/ပြည်နယ်များသို့ အမည်၊ လိပ်စာများပေးပို့၍ ပစ်မှတ်ထားစောင့်ကြည့်ပြီး ထူးခြားမှု တင်ပြရန်။ | နရခ၊ တိုင်း/ပြည်နယ် ရဲတပ်ဖွဲ့များ |
| (ဃ) | အကြမ်းဖက်မှုဖြစ်စဉ်၊ ပြစ်မှုကျူးလွန်သူ တရားခံများနှင့်ပတ်သက်၍ ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်း၊ ဖြစ်စဉ်မှတ်တမ်းတို့ကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့် ဌာနချုပ်တို့တွင် စနစ်တကျ ပြုစုထားရှိရန်။ | ״ |
| (င) | ထွက်ပြေးတိမ်းရှောင်နေသော အကြမ်းဖက်သမားများ၏ အမည်၊ ဓာတ်ပုံ၊ ကိုယ်ရေးအချက်များအား တိုင်းဒေသကြီး/ပြည်နယ်အားလုံးသို့ ဖြန့်ဝေပေးထားပြီး သက်ဆိုင်ရာ စစ်ဆေးရေးဂိတ်များအားလုံးတွင်မှတ်တမ်းထားရှိ၍ဝင်/ထွက်မှုများအားလုံးကို ထိုမှတ်တမ်းဖြင့် တိုက်ဆိုင်စစ်ဆေးရန်။ | ״ |
| (စ) | လက်နက်/ခဲယမ်းနှင့် ပေါက်ကွဲပစ္စည်းများ အားလုံးနီးပါးသည် လမ်းကြောင်းများမှ လျှို့ဝှက်ဝင်ရောက်လျက်ရှိသဖြင့် စစ်ဆေးရေးနေရာများတွင် စနစ်တကျ ရှာဖွေစစ်ဆေးရန် | ״ |

| စဉ် | ညွှန်ကြားချက်များ | ဆောင်ရွက်ရန် |
|---|---|---|
| | နှင့် သတင်းလက်ဦးမှုရယူနိုင်ရေး ဆောင်ရွက်ရန်။ | |
| (ဆ) | စစ်ဆေးသည့်နေရာများတွင် လူဖြင့် စစ်ဆေးခြင်းအပြင် နည်းပညာအသုံးပြုပစ္စည်းဖြင့် စစ်ဆေးခြင်းဆောင်ရွက်ရန် ပစ္စည်းလိုအပ်ချက်ကို သက်ဆိုင်ရာ အစိုးရအဖွဲ့များသို့ တင်ပြရန်။ | လုံ/နယ်ဝန်ကြီးများ |
| (ဇ) | ဒေသန္တရကာကွယ်ရေး၊ ပြည်သူ့လုံခြုံရေးအဖွဲ့များ ခိုင်မာတောင့်တင်းမှုရှိစေရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို အလေးထား ဆောင်ရွက်ရန်။ | ။ |
| (ဈ) | တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်နှင့် ရပ်/ကျေးအဆင့်အထိ အဆင့်ဆင့် အကြမ်းဖက်မှု တားဆီးနှိမ်နင်းရေးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရန်။ | ။ |
| (ည) | အဆင့်ဆင့်သော အကြမ်းဖက်မှု တားဆီးနှိမ်နင်းရေး လုပ်ငန်းအဖွဲ့များတွင် ဌာနဆိုင်ရာ၊ လူမှုအဖွဲ့အစည်းနှင့် အလွှာအသီးသီးမှ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး ရွေးချယ်ဖွဲ့စည်းရန်။ | ။ |
| (ဋ) | ပြည်သူအား ပညာပေးရေးနှင့် သတင်းမှန် ပြန်ကြားရေး တို့ကို ထိရောက်မှုရှိသည့် နည်းလမ်းများဖြင့် နယ်မြေဒေသ အလိုက် ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန်။ | ။ |
| (ဌ) | အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများ တိုက်ဖျက်ရေး အတွက် လက်ရှိထိန်းချုပ်ဆောင်ရွက်နေမှုများအပြင် ထပ်မံလုပ်ဆောင်သင့်သည့် နည်းလမ်းများအား ညှိနှိုင်းဆွေးနွေး တင်ပြရန်။ | ပထရ ဒုဝန်ကြီး၊ ဗဟိုဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| (ဍ) | အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သည့် ပြည်ပနိုင်ငံများသို့ ပေးပို့မှု၊ ပြည်ပနိုင်ငံက လွှဲပို့သည့်ငွေများနှင့်ပတ်သက်၍ သတင်းအချက်အလက်နှင့် စုံစမ်းဖော်ထုတ်နိုင်မည့် နည်းလမ်းများ ပြုစုတင်ပြရန်။ | စီမံ/ဘဏ္ဍာ၊ ဗဟိုဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ |

| စဉ် | ညွှန်ကြားချက်များ | ဆောင်ရွက်ရန် |
|---|---|---|
| (ဎ) | အကြမ်းဖက်မှုနှင့် အစွန်းရောက်မှုများတားဆီးကာကွယ်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ဌာနဆိုင်ရာများအားလုံးက အလေးထား ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန်။ | ဗဟိုအဖွဲ့ဝင်အားလုံး |
| (ဏ) | ဘင်္ဂါလီများ ဝင်ရောက်လာမှုနှင့် တရားမဝင် သွားလာနေမှုများသည် အကြမ်းဖက်မှုနှင့် ဆက်စပ်မှုရှိနေသဖြင့် သတင်းလက်ဦးမှုရယူခြင်းနှင့် တားဆီးနှိမ်နင်းရေးကို ထိရောက်စွာ ပူးပေါင်းဆောင်ရွက်သွားရန်။ | ဌာနများအားလုံး၊ လုံ/နယ်ဝန်ကြီးများအားလုံး |
| (တ) | ၂၀၂၃ ခုနှစ်တွင် ဖြစ်ပေါ်လာနိုင်သည့် အကြမ်းဖက်မှုအခြေအနေသုံးသပ်ချက်အပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ကြိုတင်ကာကွယ်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းစီမံချက်များ စနစ်တကျ ရေးဆွဲဆောင်ရွက်ရန်။ | လုံ/နယ်ဝန်ကြီးများအားလုံး |
| (ထ) | တိုင်းဒေသကြီး/ ပြည်နယ်များတွင် ပရဟိတအဖွဲ့များ ပိုမိုတိုးတက်များပြားလာစေရေးနှင့် ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်မှု၊ ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်လေးစားမှု ရရှိစေရေး အလေးထားဆောင်ရွက်ရန်။ | ။ |
| (ဒ) | ရပ်/ကျေးအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်တို့တွင် သတင်းအချက်အလက်နှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ မိမိအမာခံများ၊ ပိုမိုဖြစ်ပေါ်စေရေး ဆောင်ရွက်သွားရန်။ | ။ |
| (ဓ) | သတင်းရယူခြင်းကို လူပုဂ္ဂိုလ်ဖြင့် ရယူခြင်း၊ နည်းပညာအသုံးပြုရယူခြင်းတို့ဖြင့် နည်းလမ်း ၂ မျိုးလုံး အသုံးပြုနိုင်ရေး ဆောင်ရွက်ကြရန်။ | လုံ/နယ်ဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များ |
| (န) | အကြမ်းဖက်မှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သည့်အမှုများစစ်ဆေးရာတွင် ငွေကြေးခဝါချမှုကိုပါ တစ်ပြိုင်တည်း စစ်ဆေးနိုင်ရေး ဆောင်ရွက်သွားရန်။ | နရခ၊ ငကတ၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များ |

| စဉ် | ညွှန်ကြားချက်များ | ဆောင်ရွက်ရန် |
| --- | --- | --- |
| (ပ) | လူမှုတန်ဆာပေးပို့မှုများနှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်နှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်စေရေး စစ်ဆေးကြီးကြပ်ရန်နှင့် လိုက်နာမှုမရှိက ဥပဒေနှင့်အညီ အရေးယူရန်။ | တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များ |
| (ဖ) | ရွေးကောက်ပွဲနှင့်ပတ်သက်၍ လူဦးရေ၊ မဲစာရင်း တစ်အိမ်တက်ဆင်းစစ်ဆေးမှုများတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ အကြမ်းဖက်သမားများအား စုံစမ်းဖော်ထုတ်သည့်ရဲလုပ်ငန်းစဉ်များကိုပါ တစ်ပါတည်းဆောင်ရွက်နိုင်ရေး စံလုပ်ငန်းစဉ်တစ်ရပ် ရေးဆွဲသတ်မှတ်ဆောင်ရွက်ရန်။ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| (ဗ) | အကြမ်းဖက်မှုဆိုင်ရာ ထိန်းချုပ်မိန့်ထုတ်ပြန်ခြင်း၊ နိုင်ငံပိုင်ပစ္စည်းသိမ်းဆည်းခြင်း၊ စီမံခန့်ခွဲခြင်း တို့နှင့်ပတ်သက်၍ အငြင်းပွားမှုမဖြစ်စေရန် စံလုပ်ငန်းစဉ် (သို့) လုပ်ထုံးလုပ်နည်းမူဝါဒတစ်ရပ် ညှိနှိုင်းရေးဆွဲ ဆောင်ရွက်ရန်။ | တရားရေးရာ၊<br>ဥပဒေရေးရာ၊<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| (ဘ) | တိုင်းဒေသကြီးနှင့် ခရိုင်ချင်းဆက် စပ်ကြားနယ်မြေများတွင် အကြမ်းဖက်သမားများ ခိုအောင်းမှုမရှိစေရေး သတင်းဖလှယ်ခြင်း၊ ဟန်ချက်ညီရှင်းလင်းခြင်းများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန်။ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| (မ) | အကြမ်းဖက်မှုတိုက်ဖျက်ရေးရန်ပုံငွေအား အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ရန်ပုံငွေစည်းမျဉ်းစည်းကမ်းအား သိရှိနားလည်အောင် လေ့လာဖတ်ရှုကြရန်နှင့် ဆုငွေချီးမြှင့်မှုများကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးသွားရန်။ | လုံ/နယ်ဝန်ကြီးများ၊<br>တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များ |
| (ယ) | လူအများအပြားသေစေနိုင်သည့် လက်နက်များပြန့်ပွားမှုနှင့်ပြန့်ပွားမှုအတွက် ငွေကြေးထောက်ပံ့မှုအား တားဆီးကာကွယ်ခြင်းဆိုင်ရာ ညွှန်ကြားချက်တစ်ရပ်ထုတ်ပြန်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီးက လေ့လာစိစစ်တင်ပြရန်။ | နိုင်/ဖြတ် |

| စဉ် | ညွှန်ကြားချက်များ | ဆောင်ရွက်ရန် |
|---|---|---|
| (ရ) | အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများ၊ PDF Game ကစားမှုများနှင့်ပတ်သက်၍ ပြည်သူသို့ အသိပညာပေးရေးအတွက် နေ့စဉ် နိုင်ငံပိုင် သတင်းဌာနများတွင် အတိုချုပ်ဖော်ပြချက်များ၊ SMS ဖြင့် ပေးပို့ခြင်းများ ဆောင်ရွက်နိုင်ရေး အစီအမံတင်ပြရန်။ | ပြန်ကြားရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ ပထရ ဒုဝန်ကြီး |
| (လ) | အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ တရားစွဲဆိုသည့် ကြိုတင်ခွင့်ပြုချက်များအားလုံး ပုံစံတစ်ပြေးညီဖြစ်စေရေး ဗဟိုအဖွဲ့မှ ချပြအကြောင်းကြားရန်နှင့် ပေးပို့မည့်နမူနာပုံစံ တင်ပြရန်။ | ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မှုခင်းနှင့်ဥပဒေရေးရာ ဌာနကြီး |
| (ဝ) | အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု နည်းဥပဒေပုဒ်မ ၅၄၊ ၅၅ နှင့်ပတ်သက်၍ မူရင်း အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေနှင့်ကိုက်ညီမှုမရှိသဖြင့် ပြင်ဆင်လိုမှုအား ဥပဒေရေးရာ ဝန်ကြီးဌာန၏ အကြံပြုချက်ရယူ၍ တင်ပြရန်။ | မှုခင်းနှင့်ဥပဒေရေးရာ ဌာနကြီး |
| (သ) | ငွေစာရင်းများ ထိန်းချုပ်မှုနှင့် စာရင်းတောင်းခံမှုများကို တိုင်းဒေသကြီး/ ပြည်နယ်များက ဗဟိုအဖွဲ့သို့ တင်ပြပြီး ဗဟိုအဖွဲ့ကသာတောင်းခံနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန်။ | ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မှုခင်းနှင့်ဥပဒေရေးရာ ဌာနကြီး |
| (ဟ) | အကြမ်းဖက်မှုနှင့်ပတ်သက်၍ ငွေစာရင်းထိန်းချုပ်မှု၊ စာရင်း တောင်းခံမှုများ ဗဟိုအဖွဲ့သို့တင်ပြရာတွင် ကြန့်ကြာမှုမရှိပဲ အမြန် ဆောင်ရွက်ပေးရန်။ | ။ |
| (ဠ) | ယခင်အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့သော မျိုးဆက်သစ် လူငယ်များအကြား အစွန်းရောက်လှုံ့ဆော်မှုများ လျှော့ချနိုင်ရေး (De-radicalization) အစီအစဉ်များ ချမှတ်ဆောင် ရွက်သွားရန်။ | ဗဟိုအဖွဲ့ဝင်များအားလုံး |

| စဉ် | ညွှန်ကြားချက်များ | ဆောင်ရွက်ရန် |
| --- | --- | --- |
| (အ) | အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်ပတ် သက်၍ ဗဟိုအဖွဲ့ဝင်များနှင့် လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့များ၏ ဆောင်ရွက်ချက်၊ အကြံပြုချက်များအား ၃ လ တစ်ကြိမ် (၂၀၂၃ ခုနှစ်၊ မတ်၊ ဇွန်၊ စက်၊ ဒီ လကုန်ရက်များတွင်) ဗဟိုအဖွဲ့သို့ မပျက်မကွက် ပေးပို့တင်ပြရန်။ | ဗဟိုအဖွဲ့ဝင်များအားလုံး၊ လုပ်ငန်းကော်မတီများအားလုံး၊ လုပ်ငန်းအဖွဲ့များအားလုံး |

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့
CCCT

မှတ်တမ်းတင်သူ

ရဲမှူးချုပ် အောင်ဌေးမြင့်၊ တွဲဖက်အတွင်းရေးမှူး

စာအမှတ်၊ ( )/ /

ရက် စွဲ၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်

**ဖြန့်ဝေခြင်း**

- အစည်းအဝေးတက်ရောက်သူများအားလုံး

**မိတ္တူကို**

မျှော/လက်ခံ

**နောက်ဆက်တွဲ**

## အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၂)သို့ တက်ရောက်ခဲ့သည့် ကိုယ်စားလှယ်အမည်စာရင်း

**ဗဟိုအဖွဲ့ အဖွဲ့ဝင်များ**

| | | |
|---|---|---|
| ၁။ | ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် | ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်ချုပ် အောင်လင်းထွန်း | ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်ချုပ် စိုးတင့်နိုင် | ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန |
| ၄။ | ဗိုလ်ချုပ် ဇင်မင်းထက် | ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅။ | ဦးကျော်မျိုးထွဋ် | ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၆။ | ဦးအောင်ကျော်ထွန်း | ဒုတိယဝန်ကြီး၊ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဒေါက်တာ လင်းအောင် | ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၈။ | ရဲမှူးချုပ် အောင်ဌေးမြင့် | ဌာနကြီးမှူး၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး |
| ၉။ | ယာယီရဲမှူးချုပ် ကျော်သီဟ | တပ်ဖွဲ့မှူး၊ သတင်းရဲတပ်ဖွဲ့ |
| ၁၀။ | ဒုတိယဗိုလ်မှူးကြီး အောင်ကျော်စိုး | စစ်ဦးစီးမှူး(ပထမတန်း)၊ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) |
| ၁၁။ | ဒုတိယဗိုလ်မှူးကြီး ဉာဏ်သိန်းဦး | ဒုတိယဌာနကြီးမှူး၊ စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ်ရုံး |

**ကိုယ်စားတက်ရောက်သူများ**

| | | |
|---|---|---|
| ၁၂။ | ဗိုလ်ချုပ် ခွန်သန့်ဇော်ထူး | ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန |
| ၁၃။ | ဦးရဲတင့် | ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန |
| ၁၄။ | ဦးဌေးလှိုင် | ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၁၅။ | ဒေါက်တာ စိုးဝင်း | အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာန |
| ၁၆။ | ဒေါက်တာ ကိုကိုနိုင် | အမြဲတမ်းအတွင်းဝန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |

| | | |
|---|---|---|
| ၁၇။ | ဒေါ်သီတာထွန်း | ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၁၈။ | ဦးကျော်ကျော်နိုင် | ညွှန်ကြားရေးမှူးချုပ်၊ ဥပဒေရေးရာဝန်ကြီးဌာန |

**အထူးဖိတ်ကြားထားသူများ**

| | | |
|---|---|---|
| ၁၉။ | ရဲဗိုလ်ချုပ် အောင်အောင် | ဒုတိယရဲချုပ်(၁)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၀။ | ယာယီရဲမှူးချုပ် သက်နိုင် | ရဲဦးစီးအရာရှိချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၁။ | ယာယီရဲမှူးချုပ် ကျော်လင်း | ဌာနကြီးမှူး၊ မှုခင်းနှင့် ဥပဒေရေးရာဌာနကြီး |
| ၂၂။ | ရဲမှူးချုပ် မျိုးသူစိုး | တပ်ဖွဲ့မှူး၊ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ |
| ၂၃။ | ဦးကျော်သူငြိမ်း | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၂၄။ | ရဲမှူးကြီး သက်နောင် | ဌာနမှူး၊ တားဆီးနှိမ်နင်းရေးဌာန၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် |
| ၂၅။ | ရဲမှူးကြီး ညွန့်ဝေ | ဌာနမှူး၊ နည်းပညာမှုခင်းဌာန၊ မှုခင်းရဲတပ်ဖွဲ့ |
| ၂၆။ | ဦးဇော်ဇော်ထွေး | ညွှန်ကြားရေးမှူး၊ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန |
| ၂၇။ | ရဲမှူးကြီး ကိုကိုလွင် | တပ်ဖွဲ့မှူး၊ နေပြည်တော်ရဲတပ်ဖွဲ့ |

**Online မှ တက်ရောက်သူများ**

| | | |
|---|---|---|
| ၂၈။ | ဗိုလ်မှူးကြီး အောင်ကြည်လင်း | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂၉။ | ရဲမှူးကြီး ကျော်ထွန်း | တပ်ဖွဲ့မှူး၊ ကချင်ပြည်နယ်ရဲတပ်ဖွဲ့ |
| ၃၀။ | ဗိုလ်မှူးကြီး မြင့်ဝေ | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃၁။ | ရဲမှူးကြီး မောင်မောင်ဦး | တပ်ဖွဲ့မှူး၊ ကယားပြည်နယ်ရဲတပ်ဖွဲ့ |
| ၃၂။ | ဗိုလ်မှူးကြီး မျိုးမင်းနောင် | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ |

| | | |
|---|---|---|
| ၃၃။ | ရဲမှူးကြီး ခင်ဇော် | တပ်ဖွဲ့မှူး၊ ကရင်ပြည်နယ်ရဲတပ်ဖွဲ့ |
| ၃၄။ | ဗိုလ်မှူးကြီး ဟန်ဝင်းအောင် | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ချင်းပြည်နယ် အစိုးရအဖွဲ့ |
| ၃၅။ | ရဲမှူးကြီး စိုးလွင်မိုး | တပ်ဖွဲ့မှူး၊ ချင်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၃၆။ | ဗိုလ်မှူးကြီး ဝင်းတင်စိုး | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့ |
| ၃၇။ | ရဲမှူးကြီး ဉာဏ်မြင့်ကျော် | တပ်ဖွဲ့မှူး၊ စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၃၈။ | ဗိုလ်မှူးကြီး သိန်းလင်း | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တနင်္သာရီတိုင်း ဒေသကြီးအစိုးရအဖွဲ့ |
| ၃၉။ | ရဲမှူးကြီး ခင်ကျော် | တပ်ဖွဲ့မှူး၊ တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၄၀။ | ဗိုလ်မှူးကြီး အောင်သောင်းထိုက် | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့ |
| ၄၁။ | ရဲမှူးကြီး ကျော်ထွန်း | တပ်ဖွဲ့မှူး၊ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၄၂။ | ဗိုလ်မှူးကြီး ကျော်ကျော်လင်း | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ မကွေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ |
| ၄၃။ | ရဲမှူးကြီး လင်းထွန်း | တပ်ဖွဲ့မှူး၊ မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၄၄။ | ဗိုလ်မှူးကြီး ကျော်ကျော်မင်း | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ |
| ၄၅။ | ရဲမှူးချုပ် စိန်လွင် | တပ်ဖွဲ့မှူး၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၄၆။ | ဗိုလ်မှူးကြီး ကျော်စွာမြင့် | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ မွန်ပြည်နယ် အစိုးရအဖွဲ့ |
| ၄၇။ | ရဲမှူးကြီး မျိုးဆွေ | တပ်ဖွဲ့မှူး၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့ |
| ၄၈။ | ဗိုလ်မှူးကြီး ကျော်သူရ | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ |

| | | |
|---|---|---|
| ၄၉။ | ရဲမှူးကြီး သက်လွင် | တပ်ဖွဲ့မှူး၊ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့ |
| ၅၀။ | ဗိုလ်မှူးကြီး ဝင်းတင့် | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၁။ | ရဲမှူးချုပ် မျိုးမင်းထိုက် | တပ်ဖွဲ့မှူး၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၅၂။ | ဗိုလ်မှူးကြီး စိန်ဝင်း | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၅၃။ | ရဲမှူးချုပ် တင်ကိုကို | တပ်ဖွဲ့မှူး၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၅၄။ | ဗိုလ်မှူးကြီး မိုးမင်းနိုင် | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၅။ | ရဲမှူးကြီး တင်ဇော်ထွန်း | တပ်ဖွဲ့မှူး၊ ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့ |